# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း (၁)ရက် ၊ ကြာသပတေးနေ့ ၊ (27-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၀၃)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၁ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၁ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးသီရိရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

**မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ရိုးရာသနပ်ခါးအလှလိမ်းခြယ်ပြိုင်ပွဲကို ပဲခူးမြို့ ရွှေမော်ဓောစေတီတော်အနီး၌ ကျင်းပမည်**

စာမျက်နှာ- ၁၁

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၀၀ ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့**

စာမျက်နှာ- ၂၁

**နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက အိမ်ရှင်နီပေါအမျိုးသမီးအသင်းကို အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူး**

စာမျက်နှာ- ၉




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# လတကာတို့ထက်သာလွန်လှပသည့် တပေါင်းလအခါသမယ

တပေါင်းလသည် မြန်မာလများတွင် ဆယ့်နှစ်လမြောက်ဖြစ်၍ တစ်နှစ်တာကာလ၏ နောက်ဆုံးလဖြစ်သည်။ ဆောင်းဥတုအကုန် နွေဥတုအကူး ရာသီဥတုဖြစ်သည့်အတွက် မချမ်းလွန်း၊ မပူလွန်းသေးသော ရာသီဥတုကာလတွင် သစ်ပင်အပေါင်းတို့၏ ရွက်သစ်၊ ရွက်နုဝေနေချိန်လည်းဖြစ်ရာ ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိုလန်းဆန်းသာယာကြည်လင်နေသောအချိန်အခါဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများလည်း အခြေခံပညာနှစ်ဆုံးစာမေးပွဲများပြီးဆုံး၍ နွေကျောင်းပိတ်ရက်ကို မိဘ၊ ဆွေမျိုးများဖြင့် ပျော်ပျော်ရွှင်ရွှင်ဆုံစည်းကြသည့် စိတ်ချမ်းသာဖွယ် အခါသမယတစ်ခုလည်းဖြစ်သည်။

တပေါင်းလ၏ရာသီပန်းမှာ သရဖီပန်း၊ ရာသီအားဖြင့် မိန်ရာသီ တစ်နည်းအားဖြင့် ငါးများမြူးသောရာသီ၊ စန်းယှဉ်နက္ခတ်မှာ ဖလဂုနီနက္ခတ်၊ ရာသီပွဲတော်အဖြစ် သဲပုံစေတီပွဲတော်ဖြစ်သည်။ သဲပုံစေတီပွဲတော်သည် ဗုဒ္ဓဘာသာဝင်တို့အစဉ်အဆက်ကျင်းပပူဇော်လေ့ရှိသည့် ဘာသာရေးနှင့်နွှယ်သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ တပေါင်းလတွင် ရှေးအခါကဗုဒ္ဓဘာသာဝင်များ သဲပုံစေတီများ တည်ထားပူဇော်ကြလေ့ရှိသည်။ နောက်ပိုင်းကာလတွင် သဲပုံစေတီပွဲတော်များကျင်းပမှု တဖြည်းဖြည်းနည်းပါးလာသော်လည်း မြန်မာပြည်တစ်ဝန်းရှိ တန်ခိုးကြီးဘုရားစေတီများ၏ ဘုရားပွဲတော်များကို စည်စည်ကားကားကျင်းပကြလေ့ရှိသည်။ ထိုဘုရားပွဲတော်များကိုလည်း တပေါင်းပွဲတော်ဟု ခေါ်လေ့ရှိပြီး အထင်ကရအရှိဆုံး တပေါင်းပွဲတော်မှာ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီး၏ တပေါင်းပွဲတော်ကြီးဖြစ်ပါသည်။

တပေါင်းလသည် အခါရာသီဥတုသာယာကြည်လင်မှုဖြင့် အထူးထင်ရှားသော လတစ်လဖြစ်ပြီး ပရိတ်ကြီးဆယ့်တစ်သုတ်ဝင် ရတနသုတ်တွင် နွေဦးအစ အပင်တိုင်း ပင်လုံးကျွတ်ပွင့်သော တောအုပ်သည် အသရေရှိလှဘိသကဲ့သို့ဟူ၍ ဘုရားရှင်မိန့်ကြားခဲ့သောအနှိုင်းစကားက နွေဦးအခါသမယ တပေါင်းလ၏သာယာလှပုံကို အခြားလတို့ထက်ကို ပြိုင်ဘက်ကင်းစေပါသည်။ ထို့ပြင် ဂေါတမဘုရားရှင်ကို ခမည်းတော်စံရာ ကပိလဝတ်ပြည်သို့ ကြွတော်မူလာစေရန် ကာဠုဒါယီမထေရ်က ပင့်လျှောက်တောင်းပန်သည့် ပါဠိဂါထာများတွင် တပေါင်းလ၏ နွေဦးအလှသဘာဝပတ်ဝန်းကျင် ကြည်လင်သာယာပုံများဖြင့် ဝေဝေဆာဆာလျှောက်ထားခဲ့ရာ အောင်မြင်တော်မူသဖြင့် မြတ်ဗုဒ္ဓ၏ပြည်တော်ဝင်အခါတော်နေ့အဖြစ် သာသနာတော်ဆိုင်ရာ မှတ်မှတ်ထင်ထင် နေ့ထူးနေ့ရက်ထွန်းပေါ်ခဲ့ပါသည်။

တပေါင်းလသည် ဘာသာရေးရာများတွင်သာ အထင်ကရရှိသည်မဟုတ်ပါ။ မြို့ပြ၊ ကျေးလက်မကျန် အားကိုးရသော မြန်မာ့တိုင်းရင်းဆေးနှင့်စပ်လျဉ်း၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့ကျင်းပရာ လထူးလမြတ်လည်း ဖြစ်ပါသည်။ ထို့ပြင်နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးကာကွယ်နေကြသော တပ်မတော်သားများအတွက်သာမက တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် သမိုင်းအစဉ်အလာကြီးမားသော ဂုဏ်ယူဖွယ်နေ့ထူးနေ့မြတ်ဖြစ်သည့် တပ်မတော်နေ့သည်လည်း တပေါင်းလထဲ၌ပင် ကျရောက်လျက်ရှိပါသည်။

တပေါင်းလသည် နိုင်ငံတော်အတွက် အားထားဖွယ်ရာ မျိုးဆက်သစ်ပညာတတ် အရင်းအမြစ်များပေါ်ထွန်းရာ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကျယ်စွာကျင်းပသောလဖြစ်ခြင်း၊ သာသနာ့အာဇာနည်များနှင့် သာသနာ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများကို သာသနာတော်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးဘွဲ့တံဆိပ်များ ချီးမြှင့်ဆက်ကပ်အပ်နှင်းရာလဖြစ်ခြင်း၊ တစ်မျိုးသားလုံးအားထားဖွယ် တိုင်းရင်းဆေးဝါးဆိုင်ရာ တိုင်းရင်းဆေးသမားတော်များနေ့ကျင်းပရာလဖြစ်ခြင်း၊ ဘုရားပွဲတော်များ မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပရာလဖြစ်ခြင်း၊ နိုင်ငံတော်လွတ်လပ်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုဆိုင်ရာ သမိုင်းကြောင်းများနှင့် ယှဉ်တွဲပေါ်ပေါက်လာခဲ့သော မြန်မာ့တပ်မတော်၏ဂုဏ်ယူဖွယ်တပ်မတော်နေ့ကျင်းပရာလဖြစ်ခြင်း စသည့်အကောင်းတကာပြည့်လျှံနေသည့်လထူးလမြတ်ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းခြင်းစုံမှု သက်သေပြနေသော တပေါင်းလမြတ်သည် တပေါင်းသာခေါင် လများနောင်ဟု ရှေးစာဆိုများတင်စားသည့်အတိုင်း လတကာတို့ထက် သာလွန်မြင့်မြတ်သောလတစ်လပင်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၇၈၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၇၈၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၇၄ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၈၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ငရုတ်ကေ ၁၉၇၄ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၇၈၁ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ငရုတ်လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ငရုတ်စိုက်ပျိုးမှုကတော့ အခြေအနေကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၂၇ ကေ၊ ဘုတလင်မြို့နယ်တွင် ၃၂၅ ကေ၊ အရာတော်မြို့နယ်တွင် ၂၇ ကေ၊ ချောင်းဦးမြို့နယ်တွင် ၁၀၀၂ ကေ စုစုပေါင်း ၁၇၈၁ ကေဖြစ်ကြောင်း၊ မုံရွာခရိုင်တွင် ငရုတ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ကေ ၆၁၀၊ ဘုတလင်မြို့နယ်တွင် ကေ ၃၂၀၊ အရာတော်မြို့နယ်တွင် ၃၅ ကေ၊ ချောင်းဦးမြို့နယ်တွင် ၁၀၀၉ ကေ စုစုပေါင်း ၁၉၇၄ ကေဖြစ်ကြောင်း သိရသည်။

ငရုတ်စိုက်ပျိုးသူများ ငရုတ်အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန်၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မုံရွာခရိုင်တွင် ငရုတ်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကောက်ရိုးမှိုပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကောက်ရိုးမှိုပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ကောက်ရိုးမှိုပိသာချိန် ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ကောက်ရိုးမှိုပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်မှာ လက်ရှိ ကောက်ရိုးမှိုတွေ ထွက်ရှိနေပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုတင်ပို့တာများပါတယ်။ ဇန်နဝါရီလအတွင်း ကောက်ရိုးမှိုပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဖေဖော်ဝါရီလထဲမှာလဲ မှိုတွေကို ရန်ကုန်ဝယ်လက်တွေက အမှာများနေပါတယ်။ ပြည်တွင်း စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်ယူမှုအားကောင်းလာတာဖြစ်ပါတယ်"ဟု ဒေါ်သန်းသန်းဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ကောက်ရိုးမှိုများကို လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များကဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေး ကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မှိုစိုက်ပျိုးသူဒေသခံ တစ်ဦးလျှင် အရှည် ပေ ၃၀ ရှိပေါင် ၁၀ ပေါင်မှ ပေါင် ၂၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါ ကောက်ရိုးမှိုတစ်ပိသာလျှင် ငွေကျပ် ၂၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟသ်ာတမြို့နယ် ကြက်တူရွေးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟသ်ာတ ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိပ်ချောင်းကျေးရွာအုပ်စု ကြက်တူရွေးလေးကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၆၈၀ ဒသမ ၆၅ သိန်းဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက ကြက်တူရွေးလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကြက်တူရွေးလေးကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၆၇ ဦးကို ရန်ပုံငွေကျပ် ၆၈၀ ဒသမ ၆၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၄ လမ်း၊ ၄၂ x ၄၃ လမ်းကြားနေ နှစ်ဖက်မိဘများကို အမှူးထား၍ ဒေါက်တာဦးအောင်မြင့်-ဒေါ်မေဦးလွင်တို့က ဆေးပဒေသာပင် အလှူငွေကျပ် ၃၇၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် စပါးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၈၆ ဒသမ ၂၈ တင်းထွက်ရှိ



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် စပါးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၆၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

"မြင်းမူမြို့နယ်မှာ စပါး ၁၃၆၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေ အနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် လက်ပန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေဇာလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၉ ဒသမ ၅ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များက လက်ပန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၀၉ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၉၆၂၀ စိုက်ပျိုးပြီးစီး

**ငပုတော ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၉၆၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၉၆၂၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆီထွက်သီးနှံစုံ ဧက ၉၆၂၀ အားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံစုံ ဧက ၉၆၂၀ တွင် မြေပဲ ၈၃၀၇ ဧက၊ နှမ်း ၉၆၁ ဧက၊ နေကြာ ၃၅၂ ဧကဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံဧက ၉၆၂၀ ကို လျာထားပြီး စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဆီထွက်သီးနှံစုံ လျာထားဧကအတိုင်း အားလုံးရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံတွေထဲမှာ မြေပဲကို အများဆုံးစိုက်ပျိုးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဆီထွက်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မုံတိုင်ပင်ဆရာတော် (အပိုင်း-၄)

ဗိုလ်ရှိတ်(ရတနာပူရ)

**ရဟန်းခံပွဲ**

မုံတိုင်ပင်ဆရာတော်၏ ရဟန်းခံအလှူပွဲသည် မုံတိုင်ပင်နယ်တွင် အလွန်ပင်ကြီးကျယ်ခမ်းနားခဲ့ပါသည်။ ရဟန်းခံပွဲကြီးသို့ လာရောက်ကြသူများနှင့် စည်ကားလွန်းလှ၏။ လှူဖွယ်ဝတ္ထုအမျိုးမျိုး၊ ပဒေသာပင်အမျိုးမျိုးကို လာရောက်လှူဒါန်းကြ၏။ ရဟန်းခံပွဲတွင် ပဒေသာပင်ပေါင်း ၃၆ပင်ရှိသည်။ လှူဖွယ်ပစ္စည်း အမျိုးအမည်ပေါင်းမှာ ၄၅မျိုးထိရှိသည်။ ထိုကဲ့သို့ လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များကို မုံတိုင်ပင်ရွာ အရပ်ရှစ်မျက်နှာမှ လာရောက်လှူဒါန်းကြခြင်းဖြစ်သည်။ ထိုကဲ့သို့သော ပဒေသာပင် အရေအတွက်၊ လှူဖွယ်ပစ္စည်းအရေအတွက်များကို မုံတိုင်ပင်ဆရာတော်သည် သေချာဂဏ မှတ်တမ်းတင်ခဲ့ပါသည်။ ဆရာတော်ကြီးကိုယ်တိုင် မှတ်တမ်းတင်ခဲ့၍သာ ယခုသိရခြင်းဖြစ်သည်။ ထိုအကြောင်းများကို မုံတိုင်ပင်ဆရာတော်ကြီးက ''ရဟန်းခံမှတ်တမ်း'' ဟူ၍ ရေးသားပြုစုထားခဲ့သည်။ လှူဖွယ်ပစ္စည်း ပဒေသာပင်တို့အကြောင်းကို ''ရဟန်းခံမှတ်တမ်း၌–

'' ရှစ်ရပ်သံဃာ၊ အရိယာအား၊ သဒ္ဓါရေးရှုရည်မှတ်ပြု၍၊ ဝတ္ထုစုံစွာ၊ ပဒေသာ၌၊ ရိုးညှာရွက်ပေါက်၊ သုံးဆယ်ခြောက်၌၊ ဖြိုးမောက်ဝေဆာ'' ဟူ၍ လည်းကောင်း၊ အာရုံဆွတ်ကြည်၊ မင်္ဂဖိုလ်ရည်၍၊ အမည်လေးဆယ်၊ ငါးပါးကယ်လျက်၊ ဆက်သွယ်ညွန့်ဖြာ၊ လှူဒါန်းရာ၌၊ ဝေဆာယားယား၊ အပါးပါးကို၊ သီးဖျားမြိုင်မြိုင်၊ ခက်ချင်းဆိုင်မျှ၊ နှိုင်းပြိုင်စံမှု၊ မြောက်ကျွန်းသူတို့၊ ဝိုင်းကူညီညာ၊ လှူဒါန်းလှာသို့၊ ဇိနာလူ့ဘ၊ မိန့်ဟောပြသည်၊ ကပ္ပရုက္ခ၊ပဒေသဒါန်၊ ရွှေခွန်းသံကို နာခံဦးထက်၊ အမြဲရွက်၍၊ စုံမက်စေတနာ၊လှူဒါန်းပါ၏'' ဟူ၍ ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။

**ရဟန်းဒကာ**

မုံတိုင်ပင်ဆရာတော်သာမဏေပြုစဉ်က ပစ္စည်းလေးပါးထောက်ပံ့ပေးခဲ့သူမှာ ခမည်းတော် ဦးမောင်ဖြိုးနှင့် ဒေါ်လွမ်းပြေတို့ ဖြစ်သည်။ မုံတိုင်ပင်ဆရာတော်ရဟန်းခံသောအချိန်တွင် မိခင်ကြီး ဒေါ်လွမ်းပြေမှာ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ထိုအကြောင်းကို မုံတိုင်ပင်ဆရာတော်က သုံးပုံအိတ်ထောင့်ကျမ်းနိဂုံး၌ '' သက်ခြောက်ဆယ်တွင်၊ ရှစ်နှစ်တင်း၊ ယွင်းဖောက်စုတေရှာ၊ ပဋ္ဌင်းမခံခင်၊ ပြောင်းလေချင်၊ မိခင်မွေးမာတာ'' ဟူ၍ သံပေါက်စီကုံးခဲ့ခြင်းဖြစ်သည်။ ''သက်ခြောက်ဆယ်တွင်း၊ ရှစ်နှစ်တင်း'' ဟုဆိုသော မုံတိုင်ပင်ဆရာတော်၏ မိခင်သည် ၅၈ နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်ဟု ဆိုရပါမည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော် ရဟန်းခံချိန်တွင် မယ်တော်ကြီး မရှိတော့သောကြောင့် ခမည်းတော်ဦးမောင်ဖြိုးနှင့် ဆရာတော်၏ မွေးချင်းမောင်နှမများက ပစ္စည်းလေးပါးဒါယကာအဖြစ် ခံယူခဲ့ကြသည်။ ဤသို့ဖြင့် မုံတိုင်ပင်ဆရာတော်သည် ခမည်းတော်ကြီးနှင့် ညီအစ်ကိုမောင်နှမများ၏ ပစ္စည်းလေးပါးထောက်ပံ့မှုဖြင့် ရဟန်းဘဝသို့ရောက်ခဲ့ပေသည်။

**စာချဆရာတော်**

မုံတိုင်ပင်ဆရာတော်သည် ရဟန်းခံပြီးသောအခါတွင် ရဟန်းဘဝဖြင့် လေးဝါတိတိ ပညာဆက်၍ သင်ကြားခဲ့သေးသည်။ ထို့နောက်တွင် မုံတိုင်ပင်အနောက်ကျောင်း၌ သီတင်းသုံးကာ အနယ်နယ်အရပ်ရပ်မှ လာရောက်ပညာသင်ကြားကြသော စာသင်သားတို့ကို ဝိနည်းငါးကျမ်းကို ငါးခေါက် တိတိ ပို့ချခဲ့သည်။ ထို့အပြင် အခြားသော ကျမ်းဂန်တို့ကို များစွာပို့ချခဲ့သည်။ ထိုအကြောင်းကို ဆရာတော်က ''သိမ်အကြောင်းမှတ်တမ်း သင်ပုန်းပျဉ်စာ''၌ ''မောင်ရှင် ခုနစ်ဝါ၊ ရဟန်း လေးဝါတွင်လည်း အခြားကျော်ကြားသော ဆရာတော်တို့ထံ၌ ယခင်ကျမ်းစာတို့ကိုကြိုးပမ်း၍သင်သတည်း။ ခြောက်ဝါပတ်လုံးမူကား မုံတိုင်ပင်အနောက်ကျောင်းတွင်နေ၍ ဝိနည်းငါးကျမ်းကို ငါးခေါက်တိုင်အောင်၊ တပါးသောကျမ်းတို့ကိုလည်း များစွာပို့ချသတည်း'' ဟူ၍ ရေးသားခဲ့သည်။

အထက်ပါအမှတ်အသားအရ မုံတိုင်ပင်ဆရာတော်သည် ဝိနည်း ငါးကျမ်းနှင့် အခြားကျမ်းဂန်များစွာတို့လို ခြောက်နှစ်အတွင်း ငါးခေါက်ထိအောင် ပို့ချခဲ့ကြောင်း သိရသည်။ ဤတွင် တစ်ခုထပ်မံသိရပြန်သည်မှာ မုံတိုင်ပင်ဆရာတော်သည် အသက် ၁၆ နှစ်တွင် သာမဏေဝတ်သည်။ သာမဏေဝါ ခုနစ်ဝါ၊ အသက် ၂၃ တွင် ရဟန်းခံသည်။ ရဟန်းလေးဝါထိ စာသင်ခြင်းအလုပ်ကိုလုပ်သည်ဟု ဆိုသောကြောင့် ၂၇ နှစ် အရွယ်ထိ စာပေသင်ကြားခဲ့ပြီး ၂၈ နှစ်အရွယ်ကို ဒီပဲယင်းမြို့ ဖ၈ ရွာဂိုဏ်းချုပ် ခန့်အပ်သည့်နေ့ကို ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး၌ မှတ်တမ်းတင်ထားသည်ကို မတွေ့ရပေ။ ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး၌ မှတ်တမ်းတင်ထားသည်ကို မတွေ့ရသော်လည်း မုံတိုင်ပင်ဆရာတော်သည် ဖ၈ ရွာဂိုဏ်းချုပ်ခန့်အပ်သည့် အကြောင်းများကို ဂိုဏ်းသံဃာပို့မေတ္တာစာ တစ်စောင်ရေးသား၍ သေသေချာချာမှတ်တမ်းတင်ခဲ့သည်ကိုတွေ့ရသည်။ ဂိုဏ်းသံဃာ ပို့မေတ္တာစာသည် ကိုးကြောင်းရေးပေဖြစ်ပြီး အချပ်ရေအားဖြင့်လေးချပ်သာရှိသည်။ ဆရာတော်သည် ထိုမေတ္တာစာများကို ရေးသား၍ ဘကြီးတော်စစ်ကိုင်းမင်းထံ သွင်းခဲ့ခြင်းဖြစ်သည်။

**❖ ဘကြီးတော်စစ်ကိုင်းမင်းသည် ဆရာတော်၏ ဂုဏ်သတင်းကြီးမားမှုကို လျစ်လျူရှုထား၍မရပေ။ ထို့ကြောင့် သာသနာရေးလုပ်ငန်းများကို ယခုထက်ပို၍ လုပ်ကိုင်နိုင်စေရန် သာသနာပိုင်စလင်းဆရာတော်ကြီး၊ မဟာဒါန်ဝန်တို့နှင့် တိုင်ပင်ကာ မုံတိုင်ပင်ဆရာတော်ကြီးကို ဒီပဲယင်းမြို့ မြောက်ဘက်တစ်ခွင် သာသနာပြုရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဒီပဲယင်းမြို့ မြောက်လက် ဖ၈ ရွာ ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခဲ့လေသည်။ ❖**

မှစ၍ စာချခြင်းလုပ်ငန်းကို စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ဆရာတော်သည် စာချလုပ်ငန်းကို ၂၈ နှစ် အရွယ် သက္ကရာဇ် ၁၁၆၈ ခုနှစ်မှ စ၍ ဆောင်ရွက်ခဲ့သည်ဟု သိနိုင်ပါသည်။

**ဖ၈ရွာဂိုဏ်းချုပ်ဆရာတော်**

**ဘကြီးတော်စစ်ကိုင်းမင်း**

ဘကြီးတော်စစ်ကိုင်းမင်းသည် ၁၁၈၁ ခု၊ နယုန်လဆန်း ၁၅ ရက် (၁၈၁၉ ခုနှစ်၊ ဇွန် ၇ရက်) နေ့တွင် ဘိုးတော်ဗဒုံမင်း၏အရိုက်အရာ အမရပူရ ထီးနန်းကိုဆက်ခံခဲ့သည်။ စစ်ကိုင်းမင်းသည် နန်းတက်စက အမရပူရမြို့တွင်ဖြစ်သော်လည်း အမရပူရမြို့၌ ကြာရှည်စွာမနေခဲ့ပေ။ အမရပူရ၌ နန်းတက်ပြီး နှစ်နှစ်အကြာတွင် အင်းဝမြို့သစ်တည်စီမံကိန်းကို စတင်ခဲ့သည်။ အင်းဝမြို့ကို ၁၁၈၃ ခု၊ ပထမ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့ (၁၈၂၁ ခု၊ ဇွန်လ ၁၇ရက်) တွင် စတည်ခဲ့သည်။ မြို့နန်းအလုံးစုံပြီးသောအခါတွင် အမရပူရမြို့မှ အင်းဝမြို့သို့ ၁၁၈၅ ခု၊ တပေါင်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၈၂၄ ခု၊ မတ်လ ၃ ရက်)နေ့ တွင် ပြောင်းရွှေ့ခဲ့သည်။ တပေါင်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့(၁၈၂၄ခု၊ မတ်လ ၁၅ ရက်) တွင် မုဒ္ဓါဘိသိက် ခံယူ၍အင်းဝရွှေနန်းကို တက်သိမ်းစံတော်မူခဲ့သည်။

**ဆရာတော်၏ ဂုဏ်သတင်း**

မုံတိုင်ပင်ကျောင်းတွင် စာသင်စာချနေသော ဆရာတော်၏ ဂုဏ်သတင်းသည် အမရပူရ နေပြည်တော်ထိ ပျံ့နှံ့လာပြီး နန်းတက်စ ဘကြီးတော် စစ်ကိုင်းမင်း နားတော်ထိရောက်အောင် ကြီးမားလာသည်။ ဘကြီးတော် စစ်ကိုင်းမင်းသည် ဆရာတော်၏ ဂုဏ်သတင်းကြီးမားမှုကို လျစ်လျူရှုထား၍မရပေ။ ထို့ကြောင့် သာသနာရေးလုပ်ငန်းများကို ယခုထက်ပို၍လုပ်ကိုင်နိုင်စေရန် သာသနာပိုင် စလင်းဆရာတော်ကြီး၊ မဟာဒါန်ဝန်တို့နှင့် တိုင်ပင်ကာ မုံတိုင်ပင်ဆရာတော်ကို ဒီပဲယင်းမြို့ မြောက်ဘက်တစ်ခွင် သာသနာပြုရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဒီပဲယင်းမြို့ မြောက်လက် ဖ၈ ရွာ ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခဲ့လေသည်။

**ဂိုဏ်းသံဃာပို့မေတ္တာစာ**

ဘကြီးတော်စစ်ကိုင်းမင်းက မုံတိုင်ပင်ဆရာတော်

ဂိုဏ်းသံဃာပို့မေတ္တာစာသည် ပေချပ်ရေလေးချပ်သာရှိသော်လည်း ထိုခေတ်ထိုအခါက မုံတိုင်ပင်နယ်ရှိ ဂိုဏ်းသံဃာအခြေအနေကို ပြည့်စုံစွာဖော်ပြနိုင်သော ကျမ်းဖြစ်သည်။ ဂိုဏ်းသံဃာပို့မေတ္တာစာတွင်ရာဇဝင်ကြီးများ၌မပါရှိသော သာသနာရေးဆိုင်ရာမှတ်တမ်းများကို ထိုခေတ်ထိုကာလက ဂိုဏ်းချုပ် ဆရာတော်တစ်ဦး၏ သာသနာရေးဆောင်ရွက်ချက်များ၊ ဂိုဏ်းချုပ်ခန့်အပ်ခြင်း ဓလေ့ထုံးစံများကို လေ့လာတွေ့ရှိနိုင်သည်။ ဂိုဏ်းသံဃာပို့မေတ္တာစာတွင်–

၁။ တံဆိပ်စာချွန်ဆက်ကပ်ခံရပုံ

၂။ မုံတိုင်ပင်ရွာမှ နေပြည်တော်သို့ခရီးစဉ်

၃။ မုံတိုင်ပင်ရွာနှင့် အမရပူရမြို့အကွာအဝေး

၄။မုံတိုင်ပင်ဂိုဏ်းချုပ်လက်အောက်ရှိ သံဃာဖွဲ့စည်းပုံ

၅။ ဒီပဲယင်းမြောက်လက်ကျေးရွာစာရင်းတို့ကို တွေ့ရှိနိုင်သည်။

ဤဂိုဏ်းသံဃာပို့မေတ္တာစာသည် မုံတိုင်ပင်ဆရာတော် ဂိုဏ်းချုပ်ခန့်အပ်ခံရခြင်းအကြောင်းကို အဓိကရေးသားထားသော်လည်း အခြားသော ဆရာတော်တို့အား ဂိုဏ်းချုပ်ခန့်အပ်ပုံများနှင့်အတူတူဟု ဆိုနိုင်ပါသည်။ အမရပူရခေတ်ကာလက ဂိုဏ်းချုပ်ခန့်အပ်ခြင်းဓလေ့ထုံးစံများကို လေ့လာလိုသူများအတွက် တန်ဖိုးရှိသော ကျမ်းတစ်စောင်ဟုဆိုနိုင်ပါသည်။ ဂိုဏ်းသံဃာပို့မေတ္တာစာသည် စကားပြေဖြင့် ရေးသားထားခြင်းမဟုတ်ဘဲ လင်္ကာများဖြင့်ဖွဲ့ဆိုရေးသားထားခြင်းဖြစ်သည်။

**တံဆိပ်စာချွန်ဆက်ကပ်ခံရသည့်နေ့**

မုံတိုင်ပင်ဆရာတော်ကို ဘကြီးတော်စစ်ကိုင်းမင်းက ဒီပဲယင်းမြောက်လက် ဖ၈ ရွာဂိုဏ်းချုပ်ခန့်အပ်ခဲ့သည့်နေ့မှာ သက္ကရာဇ် ၁၁၈၃ ခုနှစ် ၊နယုန်လပြည့်ကျော် ၈ ရက်၊ (၁၈၂၁ ခု၊ မေ ၂၃ရက်) ဖြစ်သည်။ မုံတိုင်ပင်ဆရာတော်ကို ဖ၈ ရွာဂိုဏ်းချုပ်ခန့်အပ်ရန်အတွက် မြောက်ဘက်ဝန်ချုပ် အလုံဝန်ကြီးအားမုံတိုင်ပင်ဆရာတော်ကို နေပြည်တော်ကြွရန်ပင့်လျှောက်ရသည်။ ထိုအကြောင်းများကို မုံတိုင်ပင်ဆရာတော်သည် ဂိုဏ်းသံဃာပို့မေတ္တာစာ၌–

''သုံးဆိုင်သာသနာ၊ တည်စိမ့်ငှာဟု၊ ရာဇာခေါ်မှန်း၊ ရွှေနန်းသခင်၊သုံးခွင်လုဘ၊ သာသနာ့ ဒါယကာ၊ သဒ္ဓါလွန်ပြင်း၊ မြတ်သည့်မင်းကာ၊စိုးနှင့်ခန့်အပ်၊ မိန့်တော်ကြပ်၍၊ ရပ်ထက်ဝန်းကျင်၊ စီရင်ပိုက်သိမ်း၊ အထိန်းအအုပ်၊ အချုပ်အကြီး၊ ခန့်အပ်ပြီးသည့်၊ မည်သီးထင်ပေါ်၊ ဆရာတော်နှင့်၊ လွှတ်တော်ကဆင့်၊ ချီးမြှင့်စုံမက်၊ မြောက်ဘက်ဝန်ချုပ်၊ခန့်အုပ်စိုးနှင်း၊ အလုံမင်းအား၊ ထံရင်းမျက်မှောက်၊ပင့်လျှောက်ခေါ်ချေသူကြီးစေ၍၊ သွားလေကာလ၊ ဧကနှစ်ဝနောက်၊ လှောက်လေ့ရှစ်ဆယ်၊ သုံးခုကယ်လိမ့်၊ လဝယ်မာသ၊ နယုလတည့်၊ ပြည့်ထအပေါ်၊ ရှစ်ရက်ကျော်ဝယ်၊ စာချွန်တော်မြတ်၊ တံဆိပ်ခတ်၍၊ လေးမြတ်သဒ္ဓါ၊ ပေးအပ်မှာသည်၊ သာသနာဈေး၊ စည်မည့်ရေး''ဟူ၍ ရေးဖွဲ့ထားသည်။

အထက်ပါ လင်္ကာအရ မုံတိုင်ပင်ဆရာတော်ကို ဂိုဏ်းချုပ်ခန့်အပ်ရာတွင် ရှင်ဘုရင်အမိန့်တော်ရှိသောကြောင့် သာသနာပိုင်ဆရာတော်၊ လွှတ်တော်တို့က ညှိနှိုင်းဆုံးဖြတ်ကြပ်မတ်ကာ ခန့်အပ်ရကြောင်း တွေ့ရသည်။ မုံတိုင်ပင်ဆရာတော်ကြီးအား ဖ၈ ရွာ ဂိုဏ်းချုပ်ခန့်အပ်ရာတွင် ပါဝင်ခဲ့သည့် သာသနာပိုင်ဆရာတော်မှာ မုနိန္ဒာဘိသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇ မိရာဇဂုရုတံဆိပ်တော်ရ စလင်းဆရာတော်ကြီးဖြစ်သည်။ ဆရာတော်ကြီးသည် အမရပူရမြို့၌ သီတင်းသုံးစဉ်က ဘိုးတော်ဗဒုံမင်းတရားကြီး ကုသိုလ်တော် အသောကာရာမတိုက် ရတနာဘုံကျော်ကျောင်း၌ သီတင်းသုံးသည်။ အင်းဝမြို့သို့ရောက်သောအခါတွင် ရွှေစည်းခုံဘုရားအရှေ့မြောက်ဘက်ရှိ မဟာအောင်မြေဘုံသာ ကျောင်းတော် ၌ သီတင်းသုံးသည်။ ဂိုဏ်းသံဃာပို့မေတ္တာစာတွင်ပါရှိသည့် ''မည်သီးထင်ပေါ်၊ ဆရာတော်နှင့်'' ဆိုသည်မှာ သာသနာပိုင်စလင်းဆရာတော်ကြီးကိုဆိုလိုခြင်းဖြစ်ပေမည်။

**အလုံဝန်ကြီးဘယ်သူလဲ**

အမရပူရမြို့မှ မုံတိုင်ပင်ရွာအထိသွားရောက်၍ မုံတိုင်ပင်ဆရာတော်ကို ပင့်လျှောက်ခဲ့သောသူကို ဂိုဏ်းသံဃာပို့မေတ္တာစာ၌ ''မြောက်ဘက်ဝန်ချုပ်၊ ခန့်အုပ်စိုးနှင်း၊ အလုံမင်း'' ဟူ၍ ရေးဖွဲ့ထားသည်။ ထိုမြောက်ဘက်ဝန်ချုပ်အလုံမင်းသည် မည်သူဖြစ်သနည်းကိုလေ့လာကြည့်မိသည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် အလုံဝန်ကြီးမှာ မြန်မာ့သမိုင်းတွင်ထင်ပေါ်ကျော်ကြားသော စစ်သူကြီးမဟာဗန္ဓုလဖြစ်သည်။ မဟာဗန္ဓုလသည် ဘိုးတော်ဗဒုံမင်းလက်ထက်ကတည်းကပင် သားတော်ရခိုင်နိုင်အိမ်ရှေ့မင်းထံ၌ အမှုထမ်းခဲ့သည်။ ရခိုင်နိုင်အိမ်ရှေ့မင်းထံအမှုထမ်းစဉ်က ကိုယ်ရံတော်ရာထူးကိုရရှိခဲ့သည်။

ရခိုင်နိုင်အိမ်ရှေ့မင်းသည် သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၇ ရက် (၁၈၀၉ ခု မတ် ၂၂ ရက်) နေ့တွင် နတ်ရွာစံခဲ့သည်။ ဘိုးတော်ဗဒုံမင်းသည် မြေးတော်စစ်ကိုင်းမင်းကို အိမ်ရှေ့အရာပေးခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်း အိမ်ရှေ့မင်းဖြစ်သည့်နေ့မှာ ၁၁၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၇ ရက်နေ့ (၁၈၀၉ ခု ဧပြီ ၆ ရက်) ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းထံ၌ အမှုထမ်းနေစဉ် စစ်သူကြီးမဟာဗန္ဓုလသည် နေမျိုးသူရရဲခေါင်ဘွဲ့ဖြင့် ဒီပဲယင်းမြို့ဝန်ရာထူးကို ရရှိခဲ့သည်။ ထိုရာထူးရရှိခဲ့သည့်နေ့မှာ သက္ကရာဇ် ၁၁၇၅ ခုနှစ်၊ နယုန်လအတွင်းခန့်တွင်ဖြစ်သည်။ သက္ကရာဇ် ၁၁၈၁ ခုနှစ် ဘိုးတော်ဗဒုံမင်းနတ်ရွာစံသောအခါ မြေးတော် စစ်ကိုင်းမင်းသည် အမရပူရထီးနန်းကို ဆက်ခံသည်။ နန်းတက်သည့် သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် ဘကြီးတော် စစ်ကိုင်းမင်းသည် ဒီပဲယင်းမြို့ဝန်စစ်သူကြီးမဟာဗန္ဓုလကို ဒီပဲယင်းမြို့ထက် ကြီးကျယ်သည့် အလုံမြို့ဝန်အဖြစ် ပြောင်းလဲခန့်ထားခဲ့သည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်ကို နေပြည်တော်သို့ကြွရန် ပင့်လျှောက်ခဲ့သော မြောက်ဘက်ဝန်ကြီးချုပ် အလုံဝန်ကြီးသည် စစ်သူကြီး မဟာဗန္ဓုလဖြစ်ပေသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မင်းကင်းမြို့နယ်တွင် ဆောင်းမြေပဲ ၁၅၉၂ ဧကထိ နုတ်သိမ်းပြီးစီး တစ်ဧကချင်းအထွက်နှုန်းများ ကောင်းမွန်လျက်ရှိ



မင်းကင်း ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၁၅၉၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကချင်း အထွက်နှုန်းများကောင်းမွန်လျက်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၁၀၁ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်းအဆိုပါစိုက်ပျိုးထားသောမြေပဲခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၉၂ ဧကနုတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၆၆ ဒသမ ၃၉ တင်းထွက်ရှိခဲ့ပြီး အထွက်နှုန်းများကောင်းမွန်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ မြေပဲ ၂၄၁၀၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေကို လက်ရှိနုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၅၉၂ ဧကနုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့က တော့ အောင်မြင်ဖြစ်ထွန်းတဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ပိုးသတ်ဆေးဖိုးများအပါအဝင်ကုန်ကျစရိတ်နှစ်သိန်းကျော်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဆီထွက်သီးနှံ မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းရွက်များအရောင်းအဝယ်ကောင်းမွန်နေ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ ယနေ့အထိ ကွမ်းရွက်များ ဝယ်ယူအား ကောင်းမွန်နေပြီး တစ်ရက်လျှင် ကွမ်းရွက်ပိသာချိန် ၁၅၀၀ မှ ၅၅၀၀ ထိ ပိသာချိန်အများအပြား အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ် ဘက်ကနေ ဖြန့်ဖြူးတင်ပို့ရောင်းချနေတဲ့ကွမ်းရွက်တွေက အရည်အသွေး ကောင်းမွန်ပါတယ်။ လတ်ဆတ်မှုအပေါ် မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကတည်းက ဒေသထွက် ကွမ်းရွက် ပိသာချိန်တော်တော်များများ အရောင်းအဝယ်ဖြစ်ခဲ့တာပါ။ လက်ရှိလဲကွမ်းရွက်တွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်လိုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့တောင်သူတွေ အဆင်ပြေနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ်ကွမ်းရွက်နှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ကွမ်းရွက်များကို စနစ်တကျရွေးထုတ်သန့်စင်ပြီး ခြင်းများဖြင့်ထည့်ကာ ဝယ်ယူသည့် ဝယ်လက်များထံသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက် ပိသာချိန် ၁၀ လျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

## ကိုယ်ချင်းစာနာ ကူညီပါ

\- သူလည်းလေ လူပဲရယ်မို့
အတူတွဲလို့ နေထိုင်ပါ၊
စာနာကွယ် လူသားချင်း
ရိုင်းပင်းကြင်နာ၊
တစ်ဦးနှင့်တစ်ဦး ကူညီကာ
လေးစားစွာ ဆက်ဆံသွား၊
မွန်မြတ်ဖွယ် ပရအကျိုးကို
သယ်ပိုးလုပ်ရှား။

\- ကိုယ်ချင်းစာ စိတ်မြတ်ထားလို့
နှလုံးသား လှစေတကယ်၊
အားနည်းသူကို ကူညီဖေးမ
လမ်းပြဆောင်ကွယ်၊
ဖြူစင်သော စိတ်ဓာတ်ရယ်
ရင်တွင်းဝယ် စိုက်ထူမနှေး၊
ကရုဏာ အကြင်နာလက်ဖြင့်
ပေါင်းဖက်မယ်လေး။

\- နှစ်လိုဖွယ် အပြုံးလေးနဲ့
အမုန်းမမွေး လူတိုင်းအပေါ်၊
အတ္တမာန်တွေ အစွယ်ဖြတ်
ပယ်သတ်စို့နော်၊
တန်ဖိုးရှိ လူသားမဟော်
လူကောင်းလူတော် ဖြစ်စေဖို့၊
အသိဉာဏ်တွေ ရှင်သန်လျက်
ရှေ့ဆက်ကြစို့။ ။

လမင်းခနဲ့ (ပညာရေး)

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် စစ်သင်တန်းကျောင်းသို့ သွားရောက်

**ပြုံယမ်း ဖေဖော်ဝါရီ ၂၆**

မည်သည့်စစ်ပွဲမျိုးကို မဆို တိုက်ခိုက်နိုင်သည့်အင်အားတောင့်တင်းသော ခေတ်မီတပ်မတော်တည်ဆောက်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဖေဖော်ဝါရီ၂၅ရက်တွင် တိုက်တွန်းခဲ့သည်။

ကန်ကွန်းအမည်ရှိစစ်သင်တန်းကျောင်းတစ်ကျောင်းသို့ သွားရောက်စစ်ဆေးစဉ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် စစ်သင်တန်းကျောင်း အလည်အပတ်ခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် သင်တန်းကျောင်း စီမံခန့်ခွဲမှုပြဿနာများကို ဝေဖန်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော်ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုရက်သတ္တပတ်အတွင်း ကင်အီလ်ဆွန်းနိုင်ငံရေးတက္ကသိုလ်သို့ သွားရောက်ခဲ့ပြီး နိုင်ငံတော်အပေါ် သစ္စာထားရန် လက်ရွေးစင်စစ်သည်များကို တိုက်တွန်းခဲ့သည်။

ရုရှားနိုင်ငံသို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် ပြင်ဆင်သည့်အနေဖြင့် စစ်သင်တန်းကျောင်းများသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က သွားရောက်စစ်ဆေးခြင်း ဖြစ်နိုင်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ရုရှားတပ်များနှင့်အတူ ယူကရိန်းပဋိပက္ခ၌ ပါဝင်တိုက်ခိုက်ရေးအတွက် ရုရှားနိုင်ငံသို့ တပ်ဖွဲ့ဝင်များပို့ဆောင်ထားကြောင်း တောင်ကိုရီးယားနှင့် အနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားနိုင်ငံခြားရေးဝန်ကြီး အီရန်ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေး



**တီဟီရန် ဖေဖော်ဝါရီ ၂၆**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် တီဟီရန်မြို့၌ အီရန်ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ ဒေသတွင်းပြဿနာများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည်တစ်ရက်ကြာ အီရန်ခရီးစဉ်အတွင်း အီရန်သမ္မတမာဆွတ်ပီဇက်ကီရမ်၊အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်အဘတ်စ်အာရက်ချီတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဖေဖော်ဝါရီ ၂၅ ရက် ဆွေးနွေးပွဲများအတွင်း အီရန်နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးရာ၌ နှစ်နိုင်ငံကြားရပ်တည်ချက်ချင်းတူညီခဲ့ကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံတို့ကြားရယူခဲ့သည့် အီရန်နျူကလီးယားသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်သည်။

၂၀၁၅ အီရန်နျူကလီးယားသဘောတူညီချက်၌ ပါဝင်ခဲ့သောအခြား အင်အားကြီးနိုင်ငံများမှာ ဂျာမနီ၊ တရုတ်၊ ပြင်သစ်၊ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ဖြစ်ကြသည်။

ယူကရိန်းပဋိပက္ခ ၂၀၂၂ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့ပြီးနောက် ရုရှားနှင့် အီရန်တို့သည် နှစ်နိုင်ငံကြား စစ်ရေးနှင့် စီးပွားရေးအရ ဆက်ဆံမှုကို ပိုမိုမြှင့်တင်လာခဲ့သည့် မဟာမိတ်နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဆူဒန်တပ်မတော်မှ လေယာဉ်တစ်စင်း ပျက်ကျမှုကြောင့် ၄၆ ဦးသေဆုံး

**ခါတွမ် ဖေဖော်ဝါရီ ၂၆**

ဆူဒန်တပ်မတော်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် အွမ်ဒါမင်မြို့ လေတပ်စခန်းတစ်ခုအနီး လူနေရပ်ကွက်တစ်ခုပေါ်သို့ ပျက်ကျခဲ့ကြောင်း သိရသည်။

ဆူဒန်တပ်မတော် သယ်ယူပို့ဆောင်ရေးလေယာဉ် ပျက်ကျမှုကြောင့် လူပေါင်း ၄၆ ဦး သေဆုံးခဲ့ရကြောင်း ဆူဒန်နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါလေယာဉ်သည် အွမ်ဒါမင်မြို့ မြောက်ဘက် ဝါဒီဆာယီနာလေတပ်စခန်းအနီး လူနေရပ်ကွက်တစ်ခုအပေါ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများထဲတွင် ဆူဒန်တပ်ဖွဲ့ဝင်များရော အရပ်သားများပါ ပါဝင်ကြောင်း ဆူဒန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လေယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများထဲတွင် မြေပြင်ရှိ အရပ်သားများပါဝင်ခြင်းရှိ၊ မရှိ အပါအဝင် အသေးစိတ်အချက်အလက်များကို ဆူဒန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။

အဆိုပါ စစ်လေယာဉ်သည် စက်ပိုင်းဆိုင်ရာ ပြဿနာတစ်ခုခုကြောင့် ပျက်ကျခဲ့ရခြင်းဖြစ်နိုင်ကြောင်း ဆူဒန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : RT

Trs : KKO



## ထိုင်းနိုင်ငံ အရှေ့ပိုင်း၌ ဘတ်စကားတိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး ၁၈ ဦးသေဆုံး၍ ၂၃ ဦး ဒဏ်ရာရရှိ

**ဗန်ကောက် ဖေဖော်ဝါရီ ၂၆**

ထိုင်းနိုင်ငံအရှေ့ပိုင်း၌ ယနေ့တွင် ခရီးသည်တင် ဘတ်စကားတစ်စီး တောင်တက်လမ်း၌ တိမ်းမှောက်ခဲ့ရာ အနည်းဆုံး ၁၈ဦး သေဆုံး၍ ၂၃ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။



အဆိုပါ ခရီးသည်တင် ဘတ်စကားသည် တောင်ဆင်းလမ်းအတိုင်း မောင်းနှင်လာစဉ် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်တော့ဘဲ တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ယာဉ်မတော်တဆမှုသည် ဗန်ကောက်မြို့နှင့် ၉၆ မိုင်အကွာ ပရာချင်ဟူရီပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိမ်းမှောက်ခဲ့သော ခရီးသည်တင် ဘတ်စကားပေါ်တွင် ယာဉ်မောင်းအပါအဝင် ၄၉ ဦး လိုက်ပါလာပြီး အားလုံးမှာ ထိုင်းနိုင်ငံသားများ ဖြစ်ကြကြောင်း သိရသည်။

ဘတ်စကား မတော်တဆမှုအတွင်း သေဆုံးခဲ့ရသူများအတွက် မိမိအနေဖြင့် ဝမ်းနည်းကြေကွဲရကြောင်း ထိုင်းဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်ထရာက ပြောကြားထားသည်။

ယင်းအပြင် ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန်လည်း ထိုင်းဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများကိုညွှန်ကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တောင်ကိုရီးယားအမျိုးသမီးများ၏ ကလေးမွေးဖွားမှုနှုန်း ၂၀၂၄ ခုနှစ်တွင် ကိုးနှစ်အတွင်း ပထမဆုံးအကြိမ်မြင့်တက်လာ

**ဆိုးလ် ဖေဖော်ဝါရီ ၂၆**

တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၄ ခုနှစ် ကလေးမွေးဖွားမှုနှုန်းမှာ ကိုးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မြင့်တက်လာခဲ့ကြောင်း တောင်ကိုရီးယားအစိုးရက ယနေ့တွင် ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များတွင် ဖော်ပြထားသည်။

ကိုရီးယားစာရင်းအင်းဗျူရိုက ထုတ်ပြန်ထားသည့်အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် တောင်ကိုရီးယား အမျိုးသမီးများအနေဖြင့် တစ်ဦးလျှင် ကလေး သုည ဒသမ ၇၅ ဦးနှုန်း မွေးဖွားခဲ့သည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၃ ခုနှစ်တွင် တောင်ကိုရီးယားအမျိုးသမီးများ၏ ကလေးမွေးဖွားမှုနှုန်းမှာ တစ်ဦးလျှင် သုည ဒသမ ၇၂ဦးထိသာ မွေးဖွားခဲ့ကြသည်။

၂၀၂၃ ခုနှစ်သည် တောင်ကိုရီးယားအမျိုးသမီးများ၏ ကလေးမွေးဖွားမှုနှုန်း ရှစ်နှစ်မြောက်အဖြစ် ကျဆင်းခဲ့ရသည့်နှစ်ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း တောင်ကိုရီးယားအမျိုးသမီးများ၏ ကလေးမွေးဖွားမှုနှုန်းမြင့်တက်လာမှုသည် တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေအကျပ်အတည်း အပြောင်းအလဲရှိလာနိုင်သည့်လက္ခဏာဖြစ်သည်။

တောင်ကိုရီးယားလူငယ်များကြား လက်ထပ်ထိမ်းမြားမှုနှုန်း မြင့်တက်လာမှုကြောင့် ၂၀၂၄ ခုနှစ်အတွင်း တောင်ကိုရီးယားအမျိုးသမီးများ၏ ကလေးမွေးဖွားမှုနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် လွှတ်တင်ရန် နာဆာစီစဉ်



ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သည် SPHEREx အမည်ရှိ အာကာသရေဒီယိုတယ်လီစကုပ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၅ ရက် သတင်းများအရ သိရသည်။

SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့်လွှတ်တင်ရန် နာဆာအဖွဲ့က စီစဉ်ထားသည်။

SPHEREx အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်း နှစ်နှစ်တာကာလအတွင်း ကြယ်စုပေါင်း သန်း ၄၅၀ နှင့် နဂါးငွေ့တန်း ကြယ်စုအတွင်းရှိ ကြယ်ပေါင်းသန်း ၁၀၀ ကျော်ကို မြေပုံရေးထုတ်မည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အလေးချိန် ကီလိုဂရမ် ၅၀၀ ရှိသော SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို အမေရိကန်ဒေါ်လာ ၄၈၈ သန်း အကုန်အကျခံတည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

SPHEREx အာကာသရေဒီယိုတယ်လီစကုပ်သည် အရွယ်အစားအားဖြင့် သေးငယ်သော်လည်း စူးစမ်းလေ့လာရမည့် နယ်ပယ်မှာ ကြီးမားကျယ်ပြန့်လှကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် SPHEREx အာကာသရေဒီယိုတယ်လီစကုပ်နှင့်အတူ PUNCH အမည်ရှိ ဟီလီယိုဖီးယားသံလိုက်စက်ကွင်းလွှာလေ့လာရေး မစ်ရှင်ကိုပါ ထည့်သွင်းလွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။


Ref : Russia Today

Trs : KKO

## Blue Ghost လဆင်းယာဉ်က လပတ်လမ်းပေါ်၌ နောက်ဆုံးအကြိမ် ပတ်လမ်းနေရာရွှေ့ပြောင်းမှုကို အောင်မြင်စွာပြုလုပ်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်သည် လပတ်လမ်းပေါ်၌ နောက်ဆုံးအကြိမ်ပတ်လမ်းနေရာရွှေ့ပြောင်းမှုကို အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၅ ရက် သတင်းများအရ သိရသည်။



Blue Ghost လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၄ ရက်က ဒုံးကန်အားစနစ်များကို ၁၆ စက္ကန့်ကြာဖွင့်၍ လပတ်လမ်းအနိမ့်ပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း Firefly Aerospace ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Blue Ghost လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်ဆင်းသက်ရန် ပြင်ဆင်သည့်အနေဖြင့် လပတ်လမ်းပေါ်၌ နေရာရွှေ့ပြောင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။

Blue Ghost လဆင်းယာဉ်သည် မတ် ၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန်ကြိုးစားမည်ဖြစ်သည်။

Blue Ghost လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ စူးစမ်းလေ့လာရေးစနစ် ၁၀ မျိုး သယ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ တစ်ချိန်သောအခါက သဲသောင်ကမ်းခြေများပိုင်ဆိုင်ထားသည့် သမုဒ္ဒရာကြီးတစ်စင်းရှိခဲ့ဖူး

ပေကျင်း ဖေဖော်ဝါရီ ၂၆

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ တစ်ချိန်သောအခါက သဲသောင်ကမ်းခြေများ ပိုင်ဆိုင်ထားသည့် သမုဒ္ဒရာကြီးတစ်စင်း ရှိခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ထားသော ကျူရောင်း အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်မှ ရရှိသည့် အချက်အလက်များအရ လွန်ခဲ့သည့်နှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံနှင့် လေးဘီလီယံကြားကာလအတွင်း သမုဒ္ဒရာတစ်စင်းတည်ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၂၁ ခုနှစ် မေလနှင့် ၂၀၂၂ ခုနှစ် မေလကြားကာလအတွင်း လမျက်နှာပြင်ပေါ်၌ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့သော ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်အောက် ၃၅ ပေနှင့် ၁၁၅ ပေကြား မြေအောက်တွင် သဲပြင်နှင့် ဂုဏ်သတ္တိချင်းတူသော အလွှာတစ်ခုတည်ရှိနေမှုကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သဲဆန်မြေလွှာတစ်ခုလုံးသည် ဦးတည်ရာဘက်တစ်ခုဆီသို့သာ နိမ့်ဆင်းသွားကြရာ ကမ္ဘာပေါ်ရှိ ပင်လယ်ကမ်းခြေများနှင့် ပုံစံချင်းတူကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် ရှာဖွေတွေ့ရှိခဲ့သော အင်္ဂါဂြိုဟ်သမုဒ္ဒရာ သဲသောင်ပြင်မှာ တစ်မိုင်၏ လေးပုံသုံးပုံထိ ရှည်လျားသည်။

ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် တွေ့ရှိထားသော သဲသောင်ကမ်းခြေတည်ရှိရာ သမုဒ္ဒရာကို Deuteronilus ဟူ၍ သိပ္ပံပညာရှင်များက နာမည်ပေးထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အသက်အရှူအထုတ်ပုံစံအပြောင်းအလဲက အယ်ဇိုင်းမားရောဂါ ရှိ၊ မရှိကို ဖော်ထုတ်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၆

အသက်အရှူအထုတ်ပုံစံအပြောင်းအလဲသည် အယ်ဇိုင်းမားရောဂါရှိ၊ မရှိကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၂၅ ရက် သတင်းများအရ သိရသည်။

အယ်ဇိုင်းမားရောဂါရှိသည့် လူနာများသည် ၎င်းရောဂါမရှိသူများထက် အသက်အရှူအထုတ် လုပ်ချိန် ပို၍မြန်နေတတ်ကြောင်း ဗြိတိန်နိုင်ငံ လန်ကတ်စတာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အယ်ဇိုင်းမားရောဂါရှိသူများသည် တစ်မိနစ်လျှင် အသက်အရှူအထုတ် ၁၇ ကြိမ်ထိ ရှိတတ်ပြီး အယ်ဇိုင်းမားရောဂါမရှိသူများတွင် တစ်မိနစ်လျှင် အသက်အရှူအထုတ် ၁၃ ကြိမ်သာရှိသည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်ခန္ဓာအတွင်းရှိ အာရုံနှင့်ဆဲလ်တစ်ရှူးများထံ သွေးများပို့ဆောင်ပေးနေသော ဦးနှောက်သွေးကြောများ ပျက်စီးမှုကြောင့် အယ်ဇိုင်းမားရောဂါ လူနာများ၌ အသက်အရှူအထုတ် ပိုမြန်၍ လေဝင်ရောက်မှုလည်း တိမ်နေတတ်ခြင်းဖြစ်နိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါ အသက်အရှူအထုတ်ပုံစံအပြောင်းအလဲသည် အယ်ဇိုင်းမားရောဂါရှိ၊ မရှိ ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## လေ့ကျင့်ခန်းပြုလုပ်မှုက အူမကြီးကင်ဆာလူနာများ အသက်ရှည်ရှည်နေနိုင်ရေး အထောက်အကူပြုနိုင်

နယူးယောက် ဖေဖော်ဝါရီ ၂၆

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်မှုသည် အူမကြီးကင်ဆာရောဂါ လူနာများ အသက်ရှည်ရှည်နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေ့ကျင့်ခန်းတက်တက်ကြွကြွပြုလုပ်သူ အူမကြီးကင်ဆာလူနာများသည် လေ့ကျင့်ခန်း မပြုလုပ်သူ လူနာများထက် သုံးနှစ်ထိ အသက်ပိုရှည်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အူမကြီးကင်ဆာလူနာဦးရေ ၂၈၀၀ ခန့်တို့၏ လေ့ကျင့်ခန်းပြုလုပ်မှု အဆင့်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် ၁၈ နာရီထိ လေ့ကျင့်ခန်းပြုလုပ်သူ အူမကြီးကင်ဆာလူနာများသည် အသက်သုံးနှစ်ထိ ထပ်မံရှင်သန်ခွင့်ရနိုင်ခြေ မြင့်မားလာတတ်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

လေ့ကျင့်ခန်းကို တက်ကြွစွာပြုလုပ်မှုသည် အူမကြီးကင်ဆာလူနာများ၏ အသက်ရှင်နိုင်ခွင့်နှုန်းအပေါ် အကျိုးသက်ရောက်မှုရှိနေကြောင်း အမေရိကန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ဖြစ်ရာ အူမကြီးကင်ဆာလူနာများအနေဖြင့် လေ့ကျင့်ခန်းတက်တက်ကြွကြွပြုလုပ်ပေးရန် လိုအပ်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းထားသည်။

Ref : Russia Today

Trs : KKO



နိုင်ငံတကာ အားကစားသတင်းများ

# Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့မျက်ဒဗျက်တက်ရောက်

**ဒူဘိုင်း ဖေဖော်ဝါရီ ၂၆**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပနေသည့် Dubai Duty Free Championships တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ဂျာမနီတင်းနစ် ကစားသမားဂျန်လန်နက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသည့် မျက်ဒဗျက်သည် စပေးဘောစပေးရသော ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့်အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အကြိတ် အနယ်ယှဉ်ပြိုင်ကစားခဲ့ရကာ tie-break အဆင့်၌ အနိုင်ရရှိသွားခဲ့သည်။

မျက်ဒဗျက်အနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဂျန်လန်နက်နှင့် ထိပ်တိုက်တွေ့ဆုံမှု ကိုးကြိမ်တိုင်တိုင်ရှိခဲ့ပြီး ရှစ်ကြိမ်အနိုင်ရကာ တစ်ကြိမ်သာရှုံးနိမ့်ခဲ့သည့် မှတ်တမ်းကောင်း တစ်ရပ်ကို ရရှိထားသည်။

မျက်ဒဗျက်အနေဖြင့် ဂျန်လန်နက်၏စပေးဘောများကိုအကောင်းဆုံးတုံ့ပြန်နိုင်ခဲ့၍လည်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

မျက်ဒဗျက်က "ဂျန်လန်နက်ရဲ့ အဓိကလက်နက်က သူ့ရဲ့ စပေးဘောပဲဖြစ်ပါတယ်။ စပေးဘော အရမ်းကောင်းသလို ထိန်းရအရမ်းခက်တဲ့ စပေးဘောမျိုးပါ။ သူ့ရဲ့ စပေးဘောက မှန်းဆရအရမ်းခက်ခဲတယ်။ မှန်းဆမှုမှန်ကန်တဲ့ အချိန်လောက်ပဲ ကောင်းကောင်းတုံ့ပြန်နိုင်တယ်။ ဒီပွဲစဉ်မှာတော့ သူ့ရဲ့စပေးဘောတွေကို ကျွန်တော်အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပါတယ်။ ဒီပွဲစဉ်မှာကစားနိုင်ခဲ့တဲ့ ကျွန်တော့်ရဲ့ တင်းနစ်စွမ်းဆောင်ရည်လယ်ဗယ်ကို သဘောကျတယ်။ ဒုတိယအဆင့်ကို တက်ရောက်ခွင့်ရလို့လဲ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းနှင့် ကစားမည့် အမှတ်ပေးပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းကြွခိုင်မှုလိုအပ်ချက်ကြောင့် ပါဝင်ရန်မသေချာသေးကြောင်း နည်းပြဂွါဒီယိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းက ဘာစီလိုနာအသင်းကွင်းလယ်ကစားသမားဖရန်ကီဒီဂျောင်းကို ပြောင်းရွှေ့ကြေးယူရို ၇၅ သန်းဖြင့် ခေါ်ယူရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ခံစစ်ကစားသမားအာနိုးကို ရောင်းချရန်ဖြစ်နိုင်သော်လည်း ဗန်ဒိုက်နှင့် ဆာလာဟ်တို့ကို ရောင်းချခဲ့ပါက ပြန်လည်အစားထိုးရန်အခက်အခဲရှိသောကြောင့် မဖြစ်နိုင်ကြောင်း လီဗာပူးအသင်းက ပြောကြားခဲ့သည်။
- မန်ယူအသင်းက ချဲလ်ဆီးအသင်းကစားသမားဟောင်း ခရစ်တိုဖာကို အားကစားဒါရိုက်တာအဖြစ် တရားဝင်ခန့်အပ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

# ကွန်ကာကပ်ချန်ပီယံဖလား ၁၆ သင်းအဆင့်သို့ အင်တာမီယာမီအသင်း တက်ရောက်



**မီယာမီ ဖေဖော်ဝါရီ ၂၆**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ကွန်ကာကပ် ချန်ပီယံဖလားရှုံးထွက်ပွဲစဉ်တွင် အင်တာမီယာမီအသင်းက စပို့တင်းအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနှစ်ကျော့ပေါင်းရလဒ် လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

စပို့တင်းအသင်းနှင့် ပွဲစဉ်တွင် အင်တာမီယာမီအသင်း တိုက်စစ်ကိုမက်ဆီ၊ ဆွာရက်ဇ်တို့က ဦးဆောင်လာခဲ့ရာ အပြန်အလှန်ဖိအားပေးမှုများ ရှိခဲ့သော်လည်း ပွဲကစားချိန် ၁၉ မိနစ်အရောက်တွင် တိုက်စစ်မှူး မက်ဆီက အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက်ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ဆက်တိုက်ပြုလုပ်နိုင်ခဲ့သဖြင့် ပွဲချိန် ၄၅ မိနစ်ကျော်တွင် အလန်ဒီနှင့် ဆွာရက်ဇ်တို့က ဦးဆောင်ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် စပို့တင်းအသင်းက ချေပဂိုးများအတွက် တိုက်စစ်မြှင့်တင်ခဲ့သော်လည်း အင်တာမီယာမီအသင်းခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိသဖြင့် ပွဲချိန် ၅၉ မိနစ်တွင် လူစားလဲမှုများ ဆက်တိုက်ပြုလုပ်ခဲ့သောကြောင့် ပွဲချိန် ၆၃ မိနစ်တွင် ချေပဂိုးတစ်ဂိုး ပြန်လည်ရရှိခဲ့ပြီး အင်တာမီယာမီအသင်း၏ ထိန်းချုပ်ကစားနိုင်မှုကြောင့် ချေပဂိုးမရတော့ဘဲသုံးဂိုးတစ်ဂိုးဖြင့် ပွဲပြီးဆုံးခဲ့သည်။

အင်တာမီယာမီ အသင်းသည် ပထမအကျော့ပွဲစဉ်တွင် စပို့တင်းအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်အပြင် ယခုအိမ်ကွင်းပွဲစဉ်တွင်လည်း သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် လေးဂိုးတစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ၁၆ အသင်းသို့တက်ရောက်နိုင်ခဲ့ကာ ကာဗာလိုင်ယာအသင်းနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျော်ဒန်စပိုက်ပါဝင်ယှဉ်ပြိုင်သွားမည်

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၆**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပသွားမည့် Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စပိုက်က ယနေ့တွင် ပြောကြားခဲ့သည်။

လက်ကောက်ဝတ် ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသည့် ဂျော်ဒန်စပိုက်သည် ပြီးခဲ့သည့် ဇန်နဝါရီလမှစတင်၍ ပြိုင်ပွဲများတွင်ပြန်လည် ပါဝင်လာနိုင်ခဲ့ခြင်းဖြစ်ပြီး ဂျော်ဒန်စပိုက်အနေဖြင့် Arnold Palmer Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိရေးအတွက်လည်း Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန်ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။



လက်ကောက်ဝတ် ဒဏ်ရာခွဲစိတ်ကုသမှု ခံယူထားပြီးနောက် ပိုင်းကြွခိုင်မှု ပြန်လည်ပြည့်ဝရေးအတွက် ကြိုးစားလေ့ကျင့်နေပြီး ပြိုင်ပွဲများအတွင်း ရလဒ်များတိုးတက်လာအောင်လည်း လေ့ကျင့်မှုတွင် ပိုမိုအချိန်ယူနေကြောင်းလည်းဂျော်ဒန်စပိုက်က ပြောကြားခဲ့သည်။

ဂျော်ဒန်စပိုက်က "လက်ကောက်ဝတ်ဒဏ်ရာ ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် ကြွခိုင်မှုပိုကောင်းလာဖို့အတွက် အာရုံစိုက်နေပါတယ်။ ပြင်ဆင်လေ့ကျင့်ချိန် ပိုယူထားတယ်။ ဒီနှစ်အတွင်း ပြိုင်ပွဲအားလုံးမှာတော့ ပါဝင်ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး။ အနားယူချိန် တချို့ကို အချိန်ဇယားမှာ ထည့်သွင်းထားတယ်။ ဥပမာ ပြိုင်ပွဲ ကိုးရပ်ရှိတယ်ဆိုရင် ပြိုင်ပွဲ ရှစ်ရပ်မှာပဲ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပြီးတော့ ရက်သတ္တပတ်လောက် ပြန်အနားယူတာမျိုးလုပ်သွားမယ်။ Cognizant Classic ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ထားပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာရန်အတွက် ဒီဘရိုင်းဆုံးဖြတ်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၆**

မန်စီးတီးအသင်း ဝါရင့်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဒီဘရိုင်းသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၃၃နှစ်ရှိ ဒီဘရိုင်းသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် မန်စီးတီးအသင်း နောက်ပိုင်းနှစ်များတွင် ဥရောပထိပ်တန်းအသင်းတစ်သင်းအဖြစ် ရပ်တည်ပြီး ပရီးမီးယားလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားအပါအဝင် ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဒီဘရိုင်းသည် မန်စီးတီးအသင်းတွင် ဆယ်စုနှစ်တစ်ခုကြာကစားခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့သော်လည်း နောက်ပိုင်း ဘောလုံးရာသီများတွင် အသက်အရွယ်အပိုင်းအခြားအရ အကျဘက်ရောက်လာခဲ့သကဲ့သို့ ဒဏ်ရာပြဿနာများကြောင့်လည်း ပုံမှန်ခြေစွမ်းအောက်ရောက်ရှိလာခဲ့သည့်အတွက် မန်စီးတီးအသင်းက ဒီဘရိုင်းကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုတော့မည်မဟုတ်သကဲ့သို့ ဒီဘရိုင်းကိုယ်တိုင်ကလည်းအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒီဘရိုင်းက မန်စီးတီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီးနောက် မေဂျာလိဂ်နှင့် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲမှ ထိပ်တန်းအသင်းများက အပြိုင်ကမ်းလှမ်းမှုများ လုပ်ဆောင်ရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက အိမ်ရှင်နီပေါအမျိုးသမီးအသင်းကို အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူး




**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၆ နာရီ ၄၅ မိနစ်တွင် မြန်မာအမျိုးသမီးအသင်းနှင့် နီပေါအမျိုးသမီးအသင်းတို့ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်နီပေါအမျိုးသမီးအသင်းနှင့်အတူ မြန်မာအမျိုးသမီးအသင်း၊ လက်ဘနွန်အမျိုးသမီးအသင်းနှင့် ကာဂျစ်စတန်အမျိုးသမီးအသင်း စသည့်အသင်းလေးသင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအမျိုးသမီးအသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၆၁ မိနစ်တွင် ရှုပါခိုင်ကလည်းကောင်း၊ ပွဲချိန် ၆၃ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက လည်းကောင်း မြန်မာအမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီး အသင်းသည် အုပ်စုပွဲစဉ်များကစားခဲ့ရာ လက်ဘနွန်အမျိုးသမီးအသင်းကို သုံးဂိုး တစ်ဂိုး၊ ကာဂျစ်စတန် အမျိုးသမီးအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နီပေါအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် နီပေါအမျိုးသမီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA

# ကိုပါအီတာလီယာဖလားကွာတားဖိုင်နယ်တွင် အင်တာမီလန်အသင်းက လာဇီယိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ

**မီလန် ဖေဖော်ဝါရီ ၂၆**

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အင်တာမီလန်အသင်းနှင့် လာဇီယိုအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အင်တာမီလန်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်တာမီလန်အသင်းကတိုက်စစ်ပိုင်းနှင့် ကွင်းလယ်ပိုင်းတွင် အရန်ကစားသမားအများစုနှင့် ပွဲထွက်လာခဲ့သဖြင့် လာဇီယိုအသင်း၏ အပြန်အလှန်ဖိအားပေးမှုကိုခံခဲ့ရပြီး ပွဲကစားချိန် ၃၉ မိနစ်အရောက်တွင် အန်တာတိုဗစ်ကအသင်းအတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် လာဇီယိုအသင်းက တိုက်စစ်မြှင့်တင်လာခဲ့ရာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း အင်တာမီလန်အသင်းက ထိန်းချုပ်နိုင်ခဲ့ကာ ပွဲချိန် ၇၇ မိနစ်တွင် တန်ပြန်တိုက်စစ်မှပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ပြီး နှစ်ဂိုးဂိုးမရှိဖြင့် လာဇီယိုအသင်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

အင်တာမီလန် အသင်းသည် လာဇီယိုအသင်းကို ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သော်လည်း နှစ်ကြိမ်စလုံး ဂိုးရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။




ဆီမီးဖိုင်နယ်အဆင့်တွင် ရိုးမားအသင်းကိုသုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အေစီမီလန်အသင်းနှင့် တွေ့ဆုံနေပြီး အဆိုပါပွဲစဉ်ကို လာမည့် ဧပြီ ၃ ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ကိုဗာဆစ်ကို ယူရိုသန်း ၃၀ ဖြင့် ခေါ်ယူရန် အေဘီကိုအသင်း ကြိုးပမ်း

**မက်ဒရစ် ဖေဖော်ဝါရီ ၂၆**

အေတီကိုအသင်းသည် မန်စီးတီး အသင်းကွင်းလယ်ပိုင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသည့် ကိုဗာဆစ်ကို ပြောင်းရွှေ့ကြေးယူရိုသန်း ၃၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ကိုဗာဆစ်သည် မန်စီးတီးအသင်းသို့ ၂၀၂၃ ခုနှစ် နွေရာသီကပြောင်းရွှေ့ရောက်ရှိခဲ့ပြီးနောက် ပွဲကစားခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် အသင်းသို့ ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်ရောက်ရှိခဲ့သည့်အပြင် ဇန်နဝါရီအပြောင်းအရွှေ့ကာလကလည်း နစ်ကိုးဂွန်ဇာလက်ဇ် ထပ်မံရောက်ရှိလာသောကြောင့် ပွဲကစားခွင့်ရရှိရန် မသေချာတော့သဖြင့် အသင်းပြောင်းရွှေ့ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

လက်ရှိတွင် အေတီကိုအသင်း နည်းပြ ဆီမွန်နီက ကိုဗာဆစ်၏ ကစားပုံကို နှစ်သက်နေကာ ဇန်နဝါရီ အပြောင်းအရွှေ့ကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မန်စီးတီးအသင်းက ဒီဘရိုင်းထွက်ခွာသွားပါကအသင်းတွင် ဒုတိယဦးစားပေးကစားသမားအဖြစ်အသုံးပြုလိုသောကြောင့် ရောင်းချရန်ငြင်းပယ်ခဲ့သဖြင့် အပြောင်းအရွှေ့မဖြစ်ခဲ့သော်လည်း လာမည့်နွေရာသီတွင် အသင်းအနေဖြင့် ကစားသမားဖြည့်တင်းမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်၍ ကိုဗာဆစ်သည် မန်စီးတီးအသင်း၏ အရောင်းစာရင်းတွင် ပါဝင်လာမည်ဖြစ်သောကြောင့် နည်းပြဆီမွန်နီက ယူရိုသန်း ၃၀ ဖြင့် လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# အန်တိုနီ၏ အနီကတ်ပြစ်ဒဏ်အယူခံဝင်ခဲ့ရာ အောင်မြင်သည့်အတွက် ပွဲပယ်ပြစ်ဒဏ်မှ ကင်းလွတ်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၆**

ဘက်တစ်အသင်းက အသင်းမှ တောင်ပံကစားသမား အန်တိုနီ၏ အနီကတ်ပြစ်ဒဏ်အတွက် စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ အယူခံတင်သွင်းခဲ့ရာ အယူခံအောင်မြင်ခဲ့သောကြောင့် အနီကတ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၂၅) အဖြစ်ကစားခဲ့သည့် ဘက်တစ်အသင်းက ဂီတာဖေးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အန်တိုနီအနေဖြင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို လေးမိနစ်တွင် ပြိုင်ဘက်ကစားသမား တိုက်စစ်ဆင်မှုကို ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့သည့်အတွက် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။

ဘက်တစ်အသင်းကလည်း ဂီတာဖေးအသင်းနှင့် ပွဲစဉ်အပြီးတွင် အန်တိုနီ၏ အနီကတ်ပြစ်ဒဏ်အတွက် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ အယူခံတင်သွင်းခဲ့ရာတွင် အယူခံ အောင်မြင်ခဲ့သောကြောင့် ပွဲပယ်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည့် အန်တိုနီသည် ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက ဘက်တစ်အသင်းထံ ရာသီဝက်အငှားစာချုပ်ဖြင့် ကစားခဲ့ရာတွင် အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံခြောက်ပွဲကစားခဲ့ရာ သုံးဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့သည်။

Ref : Fabrizio Romano

Trs : STA

# WBA စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဗယ်လင်ဇွဲလားက ရက်ဆဲလ်နှင့် ထိုးသတ်သွားမည်

**ဘရုတ်ကလင် ဖေဖော်ဝါရီ ၂၆**

WBA စူပါလိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဗယ်လင်ဇွဲလားသည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမားရက်ဆဲလ်နှင့် မတ် ၁ ရက်တွင်အမေရိကန်နိုင်ငံ ဘရုတ်ကလင်မြို့၌ထိုးသတ်သွားမည်ဟု ဗယ်လင်ဇွဲလားက ထုတ်ပြန်ခဲ့သည်။

ဗယ်လင်ဇွဲလားက လက်ရှိကမ္ဘာ့ချန်ပီယံဆုအား ပထမဆုံးအကြိမ် ကာကွယ်ထိုးသတ်သွားမည်ဖြစ်သည်။

ဗယ်လင်ဇွဲလားသည် ၂၀၂၄ခုနှစ် ဩဂုတ် ၃ ရက်တွင် မက္ကာဆီကို လက်ဝှေ့သမားအစ်ဆက်ခရုဇ်အား အနိုင်ရရှိကာ WBA စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သူဖြစ်ပြီး ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၁၆ပွဲထိုးသတ်ကာ နှစ်ပွဲရှုံးနိမ့်ထားသူဖြစ်သည်။

စိန်ခေါ်သူ ရက်ဆဲလ်က ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် စိန်ခေါ်ပွဲပေါင်း ၁၈ ပွဲ ထိုးသတ်ကာ တစ်ပွဲရှုံးနိမ့်ပြီး ၁၇ ပွဲအနိုင်ရရှိထားသူဖြစ်သည်။

ဗယ်လင်ဇွဲလားနှင့် ရက်ဆဲလ်တို့သည် လက်ရည်ညီသည့် လက်ဝှေ့သမား များဖြစ်ကြသည့်အတွက် အကြိတ်အနယ်ရှိသည့် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲဖြစ်လာနိုင်သည်။

ဗယ်လင်ဇွဲလားက "ရက်ဆဲလ်ဟာ အရမ်းသန်မာတဲ့ လက်ဝှေ့သမားတစ်ယောက်ပါ။ ကျွန်တော့်အတွက် ခက်ခဲတဲ့စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာလိမ့်မယ်။ အစ်ဆက်ခရုဇ်လို ခက်ခဲတဲ့ပြိုင်ဘက်ကို အနိုင်ထိုးသတ်နိုင်ခဲ့ပြီးနောက်ပိုင်း ယုံကြည်မှုတွေ မြင့်တက်နေတဲ့အတွက် ရက်ဆဲလ်ကိုလဲ အစ်ဆက်ခရုဇ်နဲ့ ပွဲစဉ်မှာအနိုင်ရခဲ့တဲ့ စွမ်းဆောင်ရည်မျိုးနဲ့ထိုးသတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# အိန္ဒိယနိုင်ငံကို တိုက်လေယာဉ်များရောင်းချရန် အပြိုင်အဆိုင်ကြိုးပမ်းနေသော အမေရိကန်နှင့် ရုရှား

NATO အဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အစ္စရေးနိုင်ငံတို့သာလျှင် အမေရိကန်နိုင်ငံထုတ် F-35 တိုက်လေယာဉ်ကို ပိုင်ဆိုင်ထားရှိသည်။ အမေရိကန်နိုင်ငံအနေဖြင့် အဆင့်မြင့်အီလက်ထရောနစ်နှင့် အာရုံခံစနစ်များပါဝင်သော F-35 တိုက်လေယာဉ်ကို လေကြောင်းအသာစီးရရှိမှုနှင့် တိုက်ခိုက်ရေးမစ်ရှင်များ တာဝန်ထမ်းဆောင်နိုင်သော ဘက်စုံသုံးတိုက်လေယာဉ်အဖြစ် သတ်မှတ်ကြေညာထားရှိသည်။

၎င်းF-35 လေယာဉ်သည် အိန္ဒိယနိုင်ငံ၌ ရုရှားနိုင်ငံ၏ ပဉ္စမမြောက်မျိုးဆက် ကိုယ်ပျောက်ဂျက်တိုက်လေယာဉ်ဖြစ်သည့် Su-57 ကို ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ Su-57 နှင့် F-35 တိုက်လေယာဉ်များသည် အိန္ဒိယနိုင်ငံ၏ အရေးအတွက် မြောက်မြားစွာ လိုအပ်လျက်ရှိသည့် ဂျက်တိုက်လေယာဉ်များစွာကို ဖြည့်ဆည်းပေးနိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။ သို့သော် လက်တွေ့တွင်မူ ၎င်းတိုက်လေယာဉ်များသည် မတူကွဲပြားမှုများစွာရှိနေသည်။

F-35 တိုက်လေယာဉ်သည် ကိုယ်ပျောက်စွမ်းဆောင်ရည်မြှင့်တင်ထားသော်လည်း F-22 တိုက်လေယာဉ်ကဲ့သို့ ကိုယ်ပျောက်စွမ်းဆောင်ရည် ကာကွယ်မှု၌ အားနည်းလျက်ရှိသည်။ အမေရိကန်လွှတ်တော်သည် လွန်ခဲ့သောနှစ်များအတွင်း F-22 တိုက်လေယာဉ်ကို ပြည်ပနိုင်ငံများသို့ တင်ပို့တော့မည်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သောကြောင့် တရုတ်နိုင်ငံကို ကာကွယ်နိုင်ရေးအတွက် တိုက်လေယာဉ်ရှာဖွေနေသော ဂျပန်နိုင်ငံကို အခက်အခဲဖြစ်စေခဲ့သည်။ F-22 သည် အင်ဂျင်နှစ်လုံးတပ်ဆင်ထားသောကြောင့် F-35 နှင့် နှိုင်းယှဉ်လျှင် ပိုမိုလေးလံပြီး ပိုမိုဝေးကွာသောနေရာသို့ မြန်နှုန်းမြင့်ပျံသန်းနိုင်စွမ်းရှိစေသည်။

စွမ်းအင်လောင်စာပိုမိုသုံးစွဲရခြင်းမရှိဘဲ အသံလွန်မြန်နှုန်းဖြင့် ပျံသန်းနိုင်မည့်လေယာဉ်တစ်စင်း၏စွမ်းဆောင်ရည်ကို မြန်နှုန်းမြင့်ပျံသန်းခြင်းအဖြစ် သတ်မှတ်ထားရှိသည်။ လက်တွေ့တွင်မူ မြန်နှုန်းမြင့်နည်းပညာမပါရှိသော လေယာဉ်မှန်သမျှသည် အသံလွန်မြန်နှုန်းဖြင့် စဉ်ဆက်မပြတ် ပျံသန်းနိုင်ရေးအတွက် စွမ်းအင်လောင်စာ ပိုမိုလိုအပ်သည်။ မြန်နှုန်းမြင့်နည်းပညာမပါရှိသော လေယာဉ်တစ်စင်းသည် ပစ်မှတ်နေရာသို့ရောက်ရှိပြီး မူလနေရာသို့ ပြန်လည်ပျံသန်းရန် အချိန်ပိုမိုယူရခြင်း၊ ပစ်မှတ်များအနီးအနားသို့ရောက်ရှိရန် ကန့်သတ်ချက်ရှိခြင်းနှင့် ဝေဟင်ဆီဖြည့်ခြင်းများ လုပ်ဆောင်ရန် လိုအပ်သည်။ ရုရှားနိုင်ငံ၏ Su-57 သည် F-35 ထက် F-22 နှင့် စွမ်းဆောင်ရည် ပိုမိုတူညီသည်။ Su-57 သည် မြန်နှုန်းမြင့်နည်းပညာပါရှိပြီး F-35 ထက် ပိုမိုဝေးကွာသောနေရာသို့ နည်းဗျူဟာမြောက်ဖြင့် တစ်ဟုန်ထိုးပျံသန်းတိုက်ခိုက်နိုင်စွမ်းရှိသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းလုပ် ကိုယ်ပိုင်တိုက်လေယာဉ်များတည်ဆောက်ရန် အလားအလာရှိနေသော်လည်း ၎င်း၏ လေယာဉ်လိုအပ်ချက်များပြည့်မီရေးအတွက် အချိန်များစွာယူရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ကိုယ်ပိုင်တိုက်လေယာဉ်များ တည်ဆောက်နိုင်သည့်တိုင်အောင် အရေးပါသော အစိတ်အပိုင်းများတင်သွင်းခြင်းနှင့် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းတည်ဆောက်ခြင်းများ လုပ်ဆောင်သွားရန် လိုအပ်သည်။

F-35 ၏ အီလက်ထရောနစ်နှင့် အာရုံခံစနစ်များသည် Su-57 ထက် ပိုမိုမြင့်မားသည်ဟု ဆိုနိုင်သည်။ F-35 တိုက်လေယာဉ်တည်ဆောက်ထားသည့် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်သော ကန်ထရိုက်တာ လော့ခ်ဟိဒ်မာတင်ကုမ္ပဏီသည် အပိုပစ္စည်းများမှာယူခြင်းနှင့် ဆော့ဖ်ဝဲလ် အဆင့်မြှင့်တင်ခြင်းတို့အတွက် ၎င်းကို ချိတ်ဆက်ဆောင်ရွက်ရမည့် အုပ်ချုပ်ပံ့ပိုးမှုစနစ်အပါအဝင် လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်စနစ် (Black Boxes)များကိုပင်လျှင် ထိန်းသိမ်းချုပ်ကိုင်ထားရှိသည်။

ထို့ကြောင့် F-35 တိုက်လေယာဉ်ဝယ်ယူသူများသည် လော့ခ်ဟိဒ်မာတင်ကိုသာ မှီခိုနေရမည်ဖြစ်သည်။ လော့ခ်ဟိဒ်မာတင်ကုမ္ပဏီအပေါ် မှီခိုနေရခြင်းမရှိဘဲ ကိုယ်ပိုင်လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသောနိုင်ငံသည် အစ္စရေးနိုင်ငံပင်ဖြစ်သည်။ လော့ခ်ဟိဒ်မာတင်နှင့်အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနတို့က အစ္စရေး၏ လိုလားချက်များသည် ကျိုးကြောင်းဆီလျော်မှုရှိသည်ဟု သဘောထားဖွယ်ရာရှိနေသည်။ အကြောင်းမှုကား အစ္စရေးနိုင်ငံသည် လေယာဉ်၏ ပြစ်ချက်ရှာဖွေနိုင်ပြီး F-35 စွမ်းဆောင်ရည်ကို မြှင့်တင်ကာ တာဝန်ထမ်းဆောင်နိုင်စေမည် ဖြစ်သောကြောင့်ပင်ဖြစ်သည်။

ထို့ပြင် အစ္စရေးနိုင်ငံသည် ဆီးရီးယား၊ လက်ဘနွန်၊ ယီမင်နှင့် အီရန်တို့ကို တိုက်ခိုက်ရာတွင် F-35 ကို အသုံးပြုလျက်ရှိသည့် တစ်ခုတည်းသောနိုင်ငံပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အစ္စရေးနိုင်ငံသည် အပိုပစ္စည်းများအတွက် F-35 ပံ့ပိုးရေးကွင်းဆက်အားလုံးလိုအပ်ပြီး ဂါဇာစစ်ပွဲအတွင်း၌ တချို့သော အစိတ်အပိုင်းများ ပြတ်တောက်လုနီးပါးဖြစ်ခဲ့သည်။

အခြားတစ်ဖက်တွင်မူ ရုရှားနိုင်ငံသည် ဟန့်တားနှောင့်ယှက်မှုများမရှိဘဲ အိန္ဒိယနိုင်ငံကို တိုက်လေယာဉ်များရောင်းချပေးနိုင်စွမ်းရှိနေသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံသည် လိုအပ်သည့် ပူးတွဲထုတ်လုပ်မှုအခွင့်အလမ်းများပိုင်ဆိုင်ထားရှိပြီး ထိုမှတစ်ဆင့်ကာကွယ်ရေးပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ရုရှားနိုင်ငံသည် တိုက်လေယာဉ်အပိုပစ္စည်းများကို ကန့်သတ်ထားမှုမရှိသဖြင့် ရုရှားအာကာသ စက်မှုလုပ်ငန်းသည် ပိုမိုကျယ်ပြန့်လာလျက်ရှိသည်။ ထို့ပြင် ရုရှားနိုင်ငံသည် စီးပွားရေးအခွင့်အလမ်းများကို တန်ဖိုးထားသကဲ့သို့ နိုင်ငံရေးခေါင်းဆောင်မှုကိုလည်း တန်ဖိုးထားသောကြောင့်ပင်ဖြစ်သည်။

လော့ခ်ဟိဒ်မာတင်အနေဖြင့် အိန္ဒိယနိုင်ငံကို လေယာဉ်ပူးတွဲတည်ဆောက်သွားရန် ကမ်းလှမ်းချက်များပေးသွားဖွယ်ရာမရှိပေ။ ထို့ကြောင့် ဂျက်တိုက်လေယာဉ်ရောင်းချရေးစာချုပ် ချုပ်ဆိုနိုင်မည့်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ပေသည်။ F-35 နှင့် Su-57 တိုက်လေယာဉ် နှစ်မျိုးစလုံးကို အိန္ဒိယလေကြောင်းပြပွဲ၌ အတူခင်းကျင်းပြသခဲ့သည်။ ရုရှားနိုင်ငံသည် Su-57 တိုက်လေယာဉ်ကို သရုပ်ပြပျံသန်းပြသခဲ့ပြီး အမေရိကန်အနေဖြင့် F-35 ကိုမူ သရုပ်ပြပျံသန်းခဲ့ခြင်း မရှိပေ။




F-35 တိုက်လေယာဉ်အနေဖြင့် သရုပ်ပြပျံသန်းခဲ့မည်ဆိုလျှင် Su-57 လောက် စွမ်းဆောင်ရည်ပြသနိုင်မည်မဟုတ်ချေ။ အကြောင်းမှုကား ၎င်းလေယာဉ်နှစ်စင်း၏ ဒီဇိုင်းသီအိုရီတို့သည် မတူကွဲပြားနေသောကြောင့်ပင်ဖြစ်သည်။ F-35 ကို ကိုယ်ပျောက်စွမ်းဆောင်ရည်အတွက် လိုက်လျောညီထွေ ဒီဇိုင်းရေးဆွဲထားရှိပြီး လေယာဉ်ကိုယ်ထည်၏ မျက်နှာပြင်သည် ရေဒါဖမ်းယူမှုမှ ရှောင်ကွင်းနိုင်မည့် အလွှာများနှင့် ဒီဇိုင်းပုံစံများပါရှိသည်။ F-35 ကိုယ်ထည်သည် လှုပ်ရှားစစ်ကစားနိုင်စွမ်း နည်းပါးသည့် ပလက်ဖောင်းပုံစံဖြစ်ပြီး လေထဲတွင် အခက်အခဲမရှိ ပျံသန်းနိုင်ရန် ကွန်ပျူတာလုပ်ဆောင်မှုများ လိုအပ်သည်။

သို့သော် အမေရိကန်လေတပ်ကမူ တိုက်ခိုက်ရေးလေယာဉ်ဖြစ်သည့် F-35 ကို တိုက်ပွဲဝင်အသင့်ဖြစ်ရန် ဒီဇိုင်းရေးဆွဲထားရှိပြီး ရန်သူမှ ခြေရာမခံနိုင်သည့် မိုင် ၅၀ ထက် ပိုမိုဝေးကွာသောနေရာမှ ဒုံးကျည်ပစ်ခတ်နိုင်စွမ်းရှိကြောင်း အခိုင်အမာပြောဆိုထားရှိသည်။ ထို့ပြင် မြေပြင်အထောက်အကူပြုတိုက်ပွဲအတွက်လည်း စမတ်ဗုံးများနှင့် ခရူဇ်ဒုံးကျည်များကို မိုင်များစွာဝေးကွာသောနေရာမှ ပစ်မှတ်ကို ပစ်ခတ်နိုင်စွမ်းရှိကြောင်း ပြောဆိုထားသည်။

ရုရှားနိုင်ငံအနေဖြင့်လည်း Su-57 ကို မြေပြင်တိုက်ပွဲအထောက်အကူပြုနိုင်သည့် အနီးကပ်စီးချင်းထိုးတိုက်ပွဲဝင်နိုင်သော လေယာဉ်အဖြစ် ဒီဇိုင်းရေးဆွဲထားရှိသည်။ F-35 ကိုလည်း မူလအစီအမံတွင် မပါရှိသည့် စက်သေနတ်စနစ်တစ်ခု တပ်ဆင်ထားရှိသည်။ အနီးကပ်စီးချင်းထိုးတိုက်ပွဲ၌ F-35 သည် ပေါ့ပါးဖြတ်လတ်သည့် ပြိုင်ဘက်ကို ချေမှုန်းနိုင်ရန် အခက်အခဲရှိနိုင်သော်လည်း Su-57 နှင့် Su-35 တို့သည် အနီးကပ်စီးချင်းထိုးတိုက်ပွဲဝင်နိုင်ရန် လွန်စွာ လျင်မြန်ဖြတ်လတ်လျက်ရှိသည်။

အမေရိကန်လေတပ်က F-35 တွင် တပ်ဆင်ထားသော စက်သေနတ်စနစ်နှင့် စပ်လျဉ်း၍ နောက်ခံအကြောင်းများရှိနေကြောင်း၊ လက်နက်၏ အထိုင်သည် A-10 တွင် တပ်ဆင်ထားသည့် စွမ်းအားကြီးမားသော ၃၀ မီလီမီတာစက်သေနတ်ကို တပ်ဆင်ထားကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် အမေရိကန်ကဲ့သို့ ကိုယ်ပျောက်နည်းပညာကိုမည်သည့်အခါမျှ ရောင်းချခဲ့ခြင်းမရှိပေ။ အမေရိကန်နိုင်ငံကမူ ရုရှားနိုင်ငံသည် ကိုယ်ပျောက်နည်းပညာ လိုအပ်ချက်ရှိနေသည်ဟု ပြောဆိုလျက်ရှိသည်။ သို့သော် ကိုယ်ပျောက်နည်းပညာသည် ဒီဇိုင်းပိုင်း၌ အခက်အခဲဖြစ်စေလျက်ရှိသည်။ ထို့ကြောင့် ဘက်စုံသုံးတိုက်လေယာဉ်ဟု ပြောဆိုလျက်ရှိသည့် F-35 သည် အနီးကပ်စီးချင်းထိုးတိုက်ခိုက်နိုင်စွမ်းမရှိသည့်အပြင် မြေပြင်တပ်ဖွဲ့များကို အနီးကပ်အထောက်အကူပြုနိုင်စွမ်းလည်းမရှိပေ။

ရုရှားနိုင်ငံအနေဖြင့်လည်း ရွှေ့ပြောင်းလေကြောင်းရန်ကာကွယ်ရေးနှင့် ကိုယ်ပျောက်တိုက်လေယာဉ်များ၏ ခြိမ်းခြောက်မှုများကို ခြေရာခံရန် အဆင့်မြင့်နည်းလမ်းများအပါအဝင် ခိုင်မာသော လေကြောင်းကာကွယ်ရေးအတွက် အခြားသောအစိတ်အပိုင်း နှစ်ရပ်အပေါ် အလေးထားလုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့မှာ UHF၊ VHF တို့ဖြင့် ပေါင်းစပ်အလုပ်လုပ်နိုင်သော မြေပြင်အခြေစိုက်အာရုံခံစနစ်သစ်များ တပ်ဖြန့်ချထားခြင်းပင်ဖြစ်သည်။ ထို့ပြင် အမေရိကန်နှင့် အခြားသောကိုယ်ပျောက်တိုက်လေယာဉ်များမှ ထုတ်လွှတ်သောအချက်လက်များကိုဖမ်းယူနိုင်ရန် ၎င်းတို့၏ တိုက်လေယာဉ်အသစ်များတွင် L Band အချက်အလက်ဖမ်းယူမှုစနစ်တပ်ဆင်ထားရှိသည်။

အိန္ဒိယနိုင်ငံအတွက်မူ ခြိမ်းခြောက်မှု နှစ်ရပ်မှာ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။ ပါကစ္စတန်၏ လေတပ်ဖွဲ့သည် ပြင်သစ်နိုင်ငံလုပ် Mirage အတန်းအစားတိုက်လေယာဉ်ဟောင်းများ၊ တရုတ်တိုက်လေယာဉ်များ၊ F-16s တိုက်လေယာဉ် ၇၅ စင်းခန့် စုပုံလျက်ရှိသည်။ တရုတ်နိုင်ငံသည် ကိုယ်ပျောက်စွမ်းရည်ရှိသော J-20 တိုက်လေယာဉ်များကို အသုံးပြုလျက်ရှိပြီး J-36 တိုက်လေယာဉ်ကိုလည်း သုတေသနပြုတည်ဆောက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအတွက် အဓိကစိန်ခေါ်မှုသည် Su-57 နှင့်နှိုင်းယှဉ်လျှင် F-35 ၏ ကုန်ကျစရိတ်ပင်ဖြစ်ပြီး ထိရောက်သော ပြုပြင်ထိန်းသိမ်းမှုနှင့် လေ့ကျင့်သင်တန်းပေးမှုများ လိုအပ်နေခြင်းပင်ဖြစ်သည်။ ထို့ပြင် F-35 သည် တာဝန်ထမ်းဆောင်မှု၊ လေယာဉ်ဝယ်ယူရရှိမှုတို့တွင် အမျိုးမျိုးသောပြဿနာများရှိနေသည်။ လက်ရှိအချိန်တွင် အမေရိကန်လေတပ်အတွက်F-35 ၏ တာဝန်ထမ်းဆောင်နိုင်မှုသည် ၅၁ ရာခိုင်နှုန်းခန့်သာရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ၏အာကာသစက်မှုလုပ်ငန်းသည် အဆင့်မြင့်တိုးတက်မှုမရှိသေးသည့်အတွက် F-35 များ တာဝန်ထမ်းဆောင်နိုင်မှု အခွင့်အလမ်းပိုမိုနည်းပါးမည် ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် လေယာဉ် အစင်း ၁၀၀ ခန့် ဝယ်ယူသွားမည်ဖြစ်သော်လည်း လက်တွေ့၌ ထက်ဝက်ကျော်ပင် ဝယ်ယူဖြည့်ဆည်းနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် အိန္ဒိယနိုင်ငံအတွက်မူ F-35 ထက် Su-57 ကို ဝယ်ယူခြင်းသည် ဖြစ်တန်ရာခြေပိုမိုလျက်ရှိသည်။ Su-57 သည် F-35 ထက် ပြုပြင်ထိန်းသိမ်းမှုနှင့် ဝယ်ယူမှုကုန်ကျစရိတ်များ ပိုမိုသက်သာလျက်ရှိသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် Su-57 ကို ပူးတွဲထုတ်လုပ်သွားမည်ဆိုလျှင် ကုန်ကျစရိတ်များစွာ သက်သာမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ရုရှားဂျက်တိုက်လေယာဉ်များကို ဝယ်ယူမည်ဆိုလျှင် ပိုမိုသင့်လျော်ကောင်းမွန်မည်ဟု သိရှိထားသော အိန္ဒိယနိုင်ငံအနေဖြင့် မည်သည့်အတွက်ကြောင့် ရူပီးဘီလီယံများစွာကို F-35 တိုက်လေယာဉ်များအတွက် ရင်းနှီးမြှုပ်နှံလိုသော ဆန္ဒရှိနေသလဲဆိုသောမေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

**ကိုးကား**

- **India in American F-35 vs Russian Su-57 fighter quandary by Asia Times.**

**ဝင်းဇင်(သုတေသန)**

# အတ္တဆူး ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၆

M Entertainment Channel က ထုတ်လွှင့်ပြသနေသည့် အတ္တဆူး ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်း မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် Kan-tharyar Shopping Mall ရှိ Ra-noon Cineplex ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ခြူးလေးက ပြောပြ၍ သိရသည်။

အတ္တဆူး ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို အယ်လာကရေးဖွဲ့ထားပြီး ထက်မြတ်နိုင်ဇင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ နေပိုင်က တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

"ခြူးလေးက ဒီဇာတ်လမ်းတွဲမှာ သူများအိမ်မှာကပ်နေတဲ့သနားစရာကောင်မကလေး ခြူးခြူးငယ်ကာရိုက်တာနဲ့ သရုပ်ဆောင်ထားတယ်။ ဒီဇာတ်ကားမှာ ကျောင်းသူအရွယ်၊ နောက် အသက် ၂၀အရွယ်၊ နောက် အိမ်ထောင်သည် ဘဝထိ နောက် အဆင့်ဆင့် ကာရိုက်တာမတူအောင် သေချာကြိုးစားသရုပ်ဆောင်ထားပါတယ်။ ဦးညီနန္ဒနဲ့လဲ ကိုယ်နဲ့ သိပ်မကွာသလို အသက် ၃၀ အရွယ်ဖြစ်အောင် ဝတ်စားဆင်ယင်မှုအပိုင်းလဲ သေချာပြင်ဆင်ထားပါတယ်။ ဒီဇာတ်ကားရဲ့နာမည်အတိုင်းပဲ ဆူးတွေကြားထဲမှာ အလောင်မြိုက်ဆုံး ဆူးကတော့ အတ္တဆူးမို့ ဒီဇာတ်လမ်းတွဲလေးကို အားပေးကြပါအုံး"ဟု သရုပ်ဆောင် ခြူးလေးက ပြောပြသည်။

အတ္တဆူး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ရဲချမ်း၊ ညီနန္ဒ၊ မင်းတော်ဝင်၊ ထူးခြား၊ ခြူးလေး၊ မြတ်ကေသီအောင်၊ မိုးပွင့်ဖြူ၊ အယ်လီဇဘက်ပိုင်၊ ရှင်သီရိသူနှင့် အခြားသရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Happy Hotel ရုပ်သံဇာတ်လမ်းတွဲကို မတ် ၃ ရက်မှစ၍ MRTV–4 ရုပ်သံလိုင်းနှင့် Pyone Play Application မှ ထုတ်လွှင့်ပြသမည်




ရန်ကုန် ဖေဖော်ဝါရီ ၂၆

MRTV – 4 ရုပ်သံလိုင်းနှင့် Pyone Play Application တို့က Happy Hotel ရုပ်သံဇာတ်လမ်းတွဲကို မတ် ၃ ရက်မှ စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ မောင်သီက ပြောပြ၍သိရသည်။

Happy Hotel ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို မောင်ငယ်ရင်သွေးကရေးသားပြီး ညီညီဘမောင်နှင့် ချင်းတွင်းမောင်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဝင်းထွဋ်ဦးနှင့် သက်လွင်အောင်တို့က ရှမ်းပြည်နယ် ပင်းတယဒေသသို့ သွားရောက်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားရဲ့ ဇာတ်လမ်းက ကျွန်တော်ပါပဲ။ မောင်ငယ်ရင်သွေးကတော့ ကျွန်တော်ပါပဲ။ တကယ်တော့ ကျွန်တော်နဲ့ သူငယ်ချင်းညောင်ညောင်တို့အတူ ဇာတ်လမ်းလေး ဖန်တီးလုပ်ဆောင်ခဲ့ကြတာပါ။ စုစုပေါင်း အပိုင်း ၄၀ ပါဝင်ပါတယ်။ တကယ်တော့ တစ်ပတ်ကို အပိုင်း ၄ ပိုင်းပြီးအောင် ရိုက်ရပါတယ်။ ပရိသတ်တွေ ဘဝအမောတွေပြေစေမဲ့ ဇာတ်လမ်းလို့လဲ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ မောင်သီက ပြောပြသည်။

Happy Hotel ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စိုပြေမြင့်၊ ထက်မြတ်အောင်၊ သွန်းသစ္စာဇော်၊ ဈာဈာန်ဟန်သာ၊ မေဘယ်လ်မိုးတိမ်၊ ကံပွင့်၊ မေတ္တာမြင့်မြတ်ဟိန်း၊ ဘူးသီး၊ သွက်လက်၊ စူပါလင်း၊ မျောက်ရှုံးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ရိုးရာသနပ်ခါးအလှလိမ်းခြယ်ပြိုင်ပွဲကို ပဲခူးမြို့ ရွှေမော်ဓောစေတီတော်အနီး၌ ကျင်းပမည်

ပဲခူး ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည့် မြန်မာ့ရိုးရာသနပ်ခါးအလှ လိမ်းခြယ်ပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ကြီးအနီးရှိ ယာဉ်ရပ်နားစခန်းတွင် မတ် ၈ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း ရိုးရာအားကစားနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ပွဲတော်ကျင်းပရေးကော်မတီဝင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါပထမအကြိမ် မြန်မာ့ရိုးရာသနပ်ခါး အလှလိမ်းခြယ်ပြိုင်ပွဲတွင် ရုပ်ရှင်ဂီတနှင့် သဘင်လောကမှ ထင်ရှားသည့် အနုပညာရှင်များက အကဲဖြတ်ဒိုင်အဖြစ် ပါဝင်အကဲဖြတ်ပေးမည် ဖြစ်ပြီး ထင်ရှားသည့် အနုပညာရှင်များ၊ ဆိုရှယ်မီဒီယာများဖြင့် ထင်ရှားလာသူများ၊ ထင်ရှားသည့်လူရွှင်တော်များနှင့် ယဉ်ကျေးမှုမြတ်နိုးသူများလည်း တက်ရောက်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ပထမဆုံး ကျင်းပမဲ့ မြန်မာ့ရိုးရာသနပ်ခါး အလှလိမ်းခြယ်တဲ့ပွဲကိုတော့ မတ် ၈ ရက်ကနေ ၁၄ ရက်ထိ ညနေ ၄ နာရီမှ ည ၁၀ နာရီထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကိုလဲ ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်။ ဈေးရောင်းပွဲတော်လဲ ပါတယ်။ သနပ်ခါးတုံးတွေလဲ ရောင်းချမှာဖြစ်ပါတယ်"ဟု ရိုးရာအားကစားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ပွဲတော်ကျင်းပရေး ကော်မတီဝင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ မြန်မာ့ရိုးရာသနပ်ခါး အလှလိမ်းခြယ်ပြိုင်ပွဲနှင့် ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ရိုးရာအားကစားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများလည်း ပါဝင်ကြောင်း၊ ပွဲတော်ကာလအတွင်း နိုင်ငံကျော် အနုပညာရှင်များမှ တေးဂီတဖြင့် ဖျော်ဖြေခြင်းအစီအစဉ်များလည်း ပါဝင်သကဲ့သို့ နာမည်ကြီး DJ ဖြိုးလည်း ပါဝင်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Godzilla and kong ဇာတ်ကား၌ မင်းသားကြီး ဒယ်လ်ရွိုင်းလင်ဒို ပါဝင်လာ

နယူးယောက် ဖေဖော်ဝါရီ ၂၆

Legendary ရုပ်ရှင်ကုမ္ပဏီ၏ Godzilla and kong ဇာတ်ကား၌ ဝါရင့်မင်းသားကြီးတစ်ဦးဖြစ်သည့် ဒယ်လ်ရွိုင်းလင်ဒိုလည်း ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၂၅ ရက် သတင်းများအရ သိရသည်။

Godzilla and kong ဇာတ်ကားတွင် မင်းသား ဒယ်လ်ရွိုင်းလင်ဒိုသည် မင်းသမီး ကိတ်သလင်းဒင်ဗာ၊ မင်းသား ဂျက်အိုကွန်နယ်၊ ဒန်စတီဗင်တို့နှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။


Godzilla and kong ဇာတ်ကားကို I am Mother ဒါရိုက်တာ ဂရန့်ဆပွတ်တိုရီက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကယ်လာဟန်က တာဝန်ယူရေးသားပေးထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Legendary ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Legendary ရုပ်ရှင်ကုမ္ပဏီက နောက်ဆုံးရိုက်ကူးထုတ်လုပ်ထားသော Godzilla and kong ဇာတ်ကားမှာ Godzilla and kong: The New Empire(2024) ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Spider-Man 4 ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ရုံတင်ပြသမည်

နယူးယောက် ဖေဖော်ဝါရီ ၂၆

Spider-Man 4 ဇာတ်ကားကို မူလစီစဉ်ထားသည့် အချိန်ထက် သီတင်းတစ်ပတ် နောက်ဆုတ်၍ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၅ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် မူလက Spider-Man 4 ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Spider–Man 4 ဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်ဒန်နီယယ် ခရက်တန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Spider–Man 4 ဇာတ်ကားတွင် မင်းသမီး အန်နီဟေသာဝေး၊ ဇန်ဒါးယား၊ မင်းသား ရောဘတ်ပတ်တင်ဆန်တို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

Spider–Man 4 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်ဆွမ်မာနှင့် ခရစ်မက္ကင်နာတို့ ပါဝင်ရေးသားထားကြောင်း သိရသည်။

လက်ရှိတွင် Spider–Man 4 ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# 200 more foreign nationals illegally entering Myanmar detained


Additional 200 foreign nationals illegally entering the country detained.

**Nay Pyi Taw February 26**

The government has been actively collaborating with international partners to effectively crack down on illegal activities, including online gambling, online scams, and other criminal offenses. Particularly, foreign nationals who have illegally entered and resided in border areas, engaging in online gambling and online scam operations, are being investigated, identified, and systematically deported to their respective countries in accordance with legal procedures.

In the ongoing investigations, today, an additional 200 foreign nationals were detained. These individuals had illegally entered Myanmar through border routes, transiting through neighboring countries, and were involved in illegal online gambling and online scams in areas such as Myawady, Shwe Kokko, KK Park, and Mehtaw Thalay in Kayin State. Authorities are now collecting necessary personal information and records to facilitate their swift repatriation to their respective countries, with interdepartmental teams working around the clock to complete the process.

During the operations, Kayin State Government's Minister for Security and Border Affairs, Colonel Min Thu Kyaw, and other officials inspected the detention facilities where the foreign nationals are being held. They reviewed the personal details and records of the newly detained individuals and coordinated necessary measures for their repatriation.

From January 30 to February 26, 2025, a total of 2,738 foreign nationals who illegally entered Myanmar have been identified and detained. Of these, 673 have already been repatriated to their respective countries via Thailand, following legal procedures. The remaining 2,065 foreign nationals are ready to be transferred to their respective countries and are being held in proper custody. 100

# S. Korea's court holds final hearing of president Yoon's impeachment trial

**Seoul February 26**

South Korea's constitutional court held the 11th and final hearing of President Yoon Suk-yeol's impeachment trial on Tuesday, with Yoon being present for his final statement.

The hearing opened around 2:00 p.m. local time (0500 GMT), starting with the examination of evidences from legal representatives of the defendant Yoon and the National Assembly acting as the prosecution in the case.

Yoon, dressed in suit and red necktie as before, appeared at the courtroom at about 9:00 p.m. local time, saying in his final statement that he felt sorry to people for confusion and inconvenience caused by his martial law imposition, which he said was for the nation and people.

The impeached president claimed that his martial law imposition was an appeal to the nation in the form of martial law as the country had been in a state of emergency.

The martial law can only be imposed when the country faces "a state of war, serious incident or other comparable national emergency" that leads to engagement with an enemy or extreme disturbance of social order. Xinhua

# More than 80,000 viss of eel shipped to Yangon market in January

**Mawlamyinegyun February 26**

Local fishermen and merchants from Mawlamyinegyun Township of Ayeyawady Region shipped to 85,000 viss of eel to the Yangon market, according to Daw Yu Yu Wai, a business owner of fishery product trading.

In December 2024, they sold only 60,000 viss of eel to the Yangon market, but 85,000 viss in January 2025. The increased export and sales of these eel is attributed to the strong demand for local fish in international markets.

Daw Yu Yu Wai commented: "The eel caught naturally in Mawlamyinegyun are the primary source. In the past month, a total of 85,000 viss of eel was sold in the Yangon market. The local eel were in high demand in the domestic market. These eel, caught in the region, are mainly exported to the Yangon market. To ensure the freshness and quality of the eel, they are systematically processed. The processed eel are then further distributed to other domestic and international markets through Yangon."

Daw Yu Yu Wai, the business owner of Mawlamyinegyun Township, mentioned that in the past month, the eel sold in Yangon reached up to K185,000 per 10 viss. It is understood that eel farming activities, as well as eel caught from rivers, lakes, and farmlands in the region, contributed to the production of these eel. Kyaw Kyaw Lin


Eels seen at a market.

# Farmers plant more than 9,000 acres of peanuts in Homalin Township

**Homalin February 26**

According to statistics from the Homalin Township Department of Agriculture, a total of 9,426 acres of peanuts have been successfully cultivated in Homalin Township of Sagaing Region, surpassing the initially planned acreage.

For the 2024-2025 winter crop season, the township had initially planned to cultivate 2,022 acres of peanuts. However, since the planting began in October 2024, the cultivation has expanded significantly, reaching 9,426 acres as of today.

"The initial plan for winter crop cultivation in Homalin Township included 2,022 acres of peanuts. However, we have now successfully planted 9,426 acres, exceeding our target. The peanut cultivation has been progressing successfully, and as an oilseed crop, it is thriving. Year by year, the cultivation of peanuts continues to expand," said Daw Su Su Htwe, Head of the Homalin Township Department of Agriculture.

In Homalin Township, peanut cultivation requires approximately 1.5 baskets of seeds per acre, with costs exceeding K200,000 per acre, including seed expenses, labour wages, fertilizers, and pesticides. Each cultivated acre is expected to yield over 50 baskets of peanuts.

To ensure successful cultivation, prevent pest infestations, and maintain weed-free fields, agricultural department staff are conducting field inspections and keeping records to monitor the progress of peanut farms in Homalin Township. 206

# World Insights: Macron-Trump meeting highlights divide on Ukraine between Europe, U.S.

**Washington February 26**

French President Emmanuel Macron, following extensive discussions with European leaders over the past few days, met with his U.S. counterpart Donald Trump in the White House on Monday in a bid to let the collective voice of Europe on the Ukraine crisis be heard.

Despite the outwardly cordial atmosphere, the meeting underscored a noticeable divide between Europe and the United States on how to achieve a comprehensive resolution to the conflict in Ukraine.

Trump and Macron on Monday agreed on realizing lasting peace between Ukraine and Russia, but Macron publicly refuted Trump's claim that the situation was "unfair" to the United States in terms of how the country and its European allies provided aid to Ukraine.

"Just so you understand, Europe is loaning the money to Ukraine. They're getting their money back," Trump said as he made the case for Washington's ongoing effort to press Ukraine into signing a deal that would give the United States the right to extract Ukraine's rare earth minerals as a way to recoup the aid money provided by Washington during the conflict.

Xinhua


U.S. President Donald Trump (R) shakes hands with French President Emmanuel Macron at a joint press conference at the White House in Washington, D.C., the United States, on Feb. 24, 2025.

# Large quantities of shrimp paste sent from Labutta Township to Yangon Market in January


Shrimps being dried in the sun.

**Labutta February 26**

Daw Win Maw, a fish paste and dried fish trader from Labutta Township of Ayeyawady Region, stated that large quantities of shrimp paste were exported and sold to the Yangon market in January.

Shrimp paste from Labutta Township is mainly transported to Yangon for sale. In December 2024, only 65,000 viss of shrimp paste were sold, but in January, the volume of shrimp paste increased to 85,000 viss. The local shrimp paste is currently priced at around K21,000 per 10 viss.

"We are exporting and selling local products, including shrimp paste, from Labutta Township to the Yangon market. Over the past month, we managed to sell up to 85,000 viss of shrimp paste. The demand for shrimp paste in Yangon is currently very high. Domestic market demand for shrimp paste has increased, and prices have also risen. With the improvement in sales, not only the business owners but also the workers are benefiting," said Daw Win Maw.

Seafood traders in Labutta Township purchase shrimp from local fishermen and process it into ready-to-eat shrimp paste for sale. The shrimp paste production and trade serve as a key local economic activity, creating employment opportunities for at least 15 to 25 workers per business in the region.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Merchants from Pyapon Township supply 77,000 viss of Loach to Yangon Market Reached 77,000 viss in January

**Pyapon February 26**

According to Daw Lei Lei, a fishery trader from Pyapon Township of Ayeyawady Region, a total of 77,000 viss of loach were sold to the Yangon market in January.

In December 2024, only 53,000 viss of loach fish were sold in Yangon, but in January 2025 exports increased significantly, reaching 77,000 viss. The price per viss of loach fish was reported to be around K18,500.

"In January, we exported and sold various aquatic products, including loach fish, from Pyapon to the Yangon market. Loach fish were the most exported. Yangon remains our primary market for these aquatic products. The demand for loach fish from Yangon continues to be strong, and more orders are coming in. With such large shipments, business operations, including fish trading and labor employment, are running smoothly," said Daw Lei Lei.

As Pyapon Township continues systematic processing and packaging of local aquatic products, including loach fish, for export to the Yangon market, related industries such as cargo transportation, fishery workers, and labourers are also benefiting from increased job opportunities.

Kyaw Kyaw Lin


Loaches seen at a market.

# Some 61,000 acres of black gram successfully planted in Maubin District this year

**Maubin February 26**

A total of 61,307 acres of black gram has been planted as cold season crops in Maubin Township of Ayeyawady Region, said U Zaw Min Tun, head of Township Agriculture Department.

In Maubin Township, the black gram planting season started in the first week of October 2024, with 61,188 acres of cropland dedicated to planting. By now, the planting has expanded to 61,307 acres exceeding the target cultivation. The local Agriculture Department has provided essential agricultural techniques and support to ensure the effective cultivation of black gram on the required acreage.

U Zaw Min Tun, the Head of Township Agriculture Department, remarked, "Local farmers in Maubin Township are planting winter crops, including black gram. The current cultivation area for black gram exceeds 61,000 acres. To ensure all winter crops, including black gram, are successfully grown, the township Agriculture Department has provided necessary techniques and support to ensure the crops thrive."

Reportedly, various activities such as ensuring systematic and successful planting of black gram, preventing pest damage, and collaborating with local farmers and the regional administration have been carried out to support the successful cultivation of the crops.

Kyaw Kyaw Lin

# All sown acreage of monsoon paddy harvested in Taze Township

**Taze February 26**

The harvest of paddy fields cultivated during the rainy season in Taze Township of Sagaing Region has been completed across all 92,546 acres of farmlands.

According to reports from the YeU District Agricultural Department, the paddy crops that were planted during the rainy season have now been fully harvested.

It was noted that a total of 92,546 acres of paddy were cultivated in Taze Township, with harvesting beginning in October 2024 and continuing to the present day. The yield per acre was reported to be 77.66 baskets.

U Zaw Myint Tun, Head of District Agriculture Department of YeU District, mentioned that over 92,000 acres of paddy were cultivated in Taze Township.

He stated, "All the paddy fields are now fully harvested. The necessary techniques and varieties for growing paddy have been provided. We have supported farmers to ensure they could plant on time."

The report also highlighted that the local agricultural department worked closely with the local farmers to ensure systematic planting, with a focus on pest control, crop preservation, and timely harvests under proper guidance.

In addition, the agricultural staff provided farmers with expertise in selecting quality seeds, controlling pests, managing crop diversity, and applying fertilizers correctly to ensure the best yields.

206


Monsoon paddy being harvested with the use of machinery.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယကြည်းတပ်က အဆင့်မြင့်ဒုံးကျည်စနစ်သုံးမျိုးကို ပေါင်းစည်းအသုံးပြုရန်စီစဉ်နေ



အိန္ဒိယကြည်းတပ်သည် ရန်သူ့ဒုံးကျည်များနှင့် ရော့ကတ်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုများကို ကာကွယ်ရန်အတွက် ဒီဇိုင်းထုတ်ထားသော အဆင့်မြင့်ဒုံးကျည်စနစ်သုံးမျိုးကို ပေါင်းစည်းအသုံးပြုရန် ပြင်ဆင်နေကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအဆင့်မြင့်နည်းပညာများသည် ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှုများကို ထိထိရောက်ရောက် ကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး နိုင်ငံ၏ ကာကွယ်ရေးမဟာဗျူဟာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သည်။

ထို့ပြင် စစ်လက်နက်ပစ္စည်းများ ခေတ်မီအဆင့်မြှင့်တင်ရန်၊ ခေတ်သစ်စိန်ခေါ်မှုများကို လျင်မြန်စွာတုံ့ပြန်နိုင်ရန်၊ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေးကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းလုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

ဒုံးကျည်စနစ်သုံးမျိုးတွင် Quick Reaction Surface-to-Air Missile(QRSAM)၊ Very Short-Range Air Defence System (VSHORADS)၊ Medium-Range Surface-to-Air Missile (MRSAM) မြေပြင်မှ ဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ ပါဝင်ကြောင်း သိရသည်။

ကာကွယ်ရေးသုတေသနနှင့် တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း(DRDO)က တီထွင်ထုတ်လုပ်ထားသော Quick Reaction Surface-to-Air Missile (QRSAM)သည် မကြာသေးမီက စမ်းသပ်မှုများကို အောင်မြင်စွာပြုလုပ်ပြီးစီးခဲ့သည်။ အဆိုပါဒုံးကျည်စနစ်သည် အကွာအဝေး ကီလိုမီတာ ၃၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး စစ်မြေပြင်တွင် ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များနှင့်သံချပ်ကာတပ်ဖွဲ့များကို လွှမ်းခြုံကာကွယ်ရန် အထူးရည်ရွယ်၍ ဒီဇိုင်းထုတ်ထားသည်။ အိန္ဒိယတပ်မတော်သည် QRSAM ဒုံးကျည်စနစ်ဝယ်ယူမှုလုပ်ငန်းစဉ်ကို လာမည့်လေးလအတွင်း အပြီးသတ်လုပ်ဆောင်နိုင်ရန် အရှိန်မြှင့်ကြိုးပမ်းလျက်ရှိသည်။

ဆက်လက်၍ အနီးကပ်လေကြောင်းရန်ကာကွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန် အိန္ဒိယကြည်းတပ်သည် Very Short-Range Air Defence System (VSHORADS) ဗားရှင်းနှစ်မျိုးဖြင့် ဝယ်ယူဖြည့်တင်းသွားရန် အကဲဖြတ်ဆန်းစစ်ချက်များ ဆောင်ရွက်နေသည်။

DRDO အဖွဲ့အစည်းက တီထွင်ထုတ်လုပ်ထားသော ပြည်တွင်းထုတ် VSHORADS ဗားရှင်းသည် မကြာသေးမီက အိုဒီရှာကမ်းခြေတွင် စမ်းသပ်ပစ်လွှတ်မှုသုံးကြိမ်ကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး မြန်နှုန်းမြင့်၊ အနိမ့်ပျံပစ်မှတ်များကို အောင်မြင်စွာ ကြားဖြတ်ပစ်ချပြနိုင်ခဲ့သည်။ စမ်းသပ်ပစ်လွှတ်မှုသုံးကြိမ်စလုံးတွင် ဒုံးကျည်များသည် ပစ်မှတ်များကို အပြည့်အဝ ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။

ထို့ပြင် လျင်မြန်စွာတိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ရန်အတွက် ပြည်ပထုတ် VSHORADS ဗားရှင်းတစ်မျိုးဝယ်ယူသွားနိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားနေသည်။ DRDO အဖွဲ့အစည်းက ပြည်တွင်းထုတ် VSHORADS လက်နက်စနစ်ကို စဉ်ဆက်မပြတ်အဆင့်မြှင့်တင်မှုများပြုလုပ်နေချိန်တွင် တစ်ဖက်ကလည်း အရေးပေါ်ဝယ်ယူရေးတစ်ရပ်လုပ်ဆောင်ရန်စီစဉ်နေပြီး အိန္ဒိယနိုင်ငံ ပြည်တွင်းကုမ္ပဏီများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် သတင်းအချက်အလက်တောင်းဆိုမှုတစ်ရပ် မကြာမီထုတ်ပြန်ပေးသွားရန်ရှိနေကြောင်း သိရသည်။

လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်များ ပိုမိုမြင့်မားကောင်းမွန်စေရန် အိန္ဒိယကြည်းတပ်သည် Medium-Range Surface-to-Air Missile (MRSAM)စနစ်ကို ပေါင်းစည်းအသုံးပြုရန် စတင်နေပြီဖြစ်သည်။ ဤ MRSAM စနစ်သည် အကွာအဝေး ကီလိုမီတာ ၇၀ ထိ တိုက်ပွဲဝင်နိုင်ပြီး အိန္ဒိယရေတပ်စစ်သင်္ဘောများတွင် တပ်ဆင်ထားသော MRSAM လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့်အတူတူပင်ဖြစ်သည်။

ဤသို့ ဖွံ့ဖြိုးတိုးတက်မှုများသည် အိန္ဒိယနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို ခေတ်မီအဆင့်မြှင့်တင်ရန်နှင့် စစ်မြေပြင်တွင် ခံစစ်စွမ်းအားများ ခိုင်မာကောင်းမွန်စေရန် ကတိကဝတ်ပြုထားသည့် လုပ်ဆောင်ချက်များကို မီးမောင်းထိုးပြနေခြင်း ဖြစ်ကြောင်း သိရသည်။

**Indian Army Strengthens Its Air Defense with Next-Generation Missile Systems** ကို ဘာသာပြန်ဆိုထားပါသည်။

## ဆွီဒင်နိုင်ငံကTRIDON Mk2 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ယူကရိန်းသို့ လွှဲပြောင်းပေးအပ်မည်

ဆွီဒင်နိုင်ငံသည် ယူရိုသန်း ၁၀၀ ခန့် အကူအညီပေးရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် TRIDON Mk2 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ယူကရိန်းနိုင်ငံသို့ မကြာမီ လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး ယူကရိန်းနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အားကောင်းစေရန်ပြင်ဆင်နေကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များ၊ လေယာဉ်များနှင့် သံချပ်ကာယာဉ်များအပါအဝင် ခြိမ်းခြောက်မှုအမျိုးမျိုးကို တန်ပြန်ချေမှုန်းရန်ဒီဇိုင်းထုတ်ထားသည့် TRIDON Mk2 လက်နက်စနစ်သည် ဆွီဒင်နိုင်ငံထုတ် မျိုးဆက်သစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကိုယ်စားပြုသည်။

TRIDON Mk2 လက်နက်စနစ်သည် ငွေကုန်ကြေးကျများသော ဒုံးကျည်စနစ်များဖြင့် မဖြည့်ဆည်းနိုင်သည့်ကွက်လပ်များကို ဖြည့်ဆည်းပေးရန် တီထွင်ထားသည့် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ TRIDON Mk2 စနစ်သည် ၁၉၃၆ ခုနှစ်မှ စတင်ခဲ့သော နှစ်ပေါင်း၉၀ ခန့် အတွေ့အကြုံ၏ ရလဒ်ဖြစ်ပြီး လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်ရာတွင် ၎င်း၏ ထူးခြားသော စွမ်းဆောင်ရည်အတွက် ထင်ရှားသည့် လက်နက်စနစ်လည်းဖြစ်သည်။ လျင်မြန်ပြီး တိကျစွာတုံ့ပြန်နိုင်ရန် အဓိကတီထွင်ထားသည့် TRIDON Mk2 လက်နက်စနစ်သည် ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များ၊ လေယာဉ်များနှင့် သံချပ်ကာယာဉ်များကို ချေမှုန်းဖျက်ဆီးနိုင်သောကြောင့် တပ်ရင်း၊ တပ်ဖွဲ့များနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများကို လေကြောင်းရန်မှ အကာအကွယ်ပေးနိုင်ကြောင်း သိရသည်။

ကိုယ်တိုင်မောင်းနှင် တိုက်ပွဲဝင်နိုင်သော Self-propelled ယာဉ်တင်အမျိုးအစားဖြစ်ကာ အဝေးထိန်းစနစ်ဖြင့် ထိန်းကျောင်းတိုက်ပွဲဝင်နိုင်သည့် ဤလေယာဉ်ပစ်အမြောက်စနစ်တွင် ပစ်မှတ်အသုံးပြုထားသည့်ခဲယမ်းများ၊ ပေါင်းစပ်အာရုံခံကိရိယာအစုံနှင့် ပတ်ဝန်းကျင်မြေအနေအထားပေါ်မူတည်၍ အကွာအဝေး ၁၂ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသော ၄၀ မမ လေယာဉ်ပစ်အမြောက်ကို အသုံးပြုထားသည်။ ဖြုတ်လွယ်တပ်လွယ်၊ မော်ဂျူလာဖွဲ့စည်းပုံဒီဇိုင်းနှင့် တပ်ဖြန့်ရလွယ်ကူမှုတို့က ပြောင်းလဲလာသော ကာကွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် နည်းပညာအသစ်များပေါင်းစပ်ကာ ခေတ်သစ်စစ်မြေပြင်နှင့် လိုက်လျောညီထွေဖြစ်စေမည်ဖြစ်သည်။



ကုန်ကျစရိတ်သက်သာမှုနှင့် ရိုးရှင်းသောပြုပြင်ထိန်းသိမ်းမှုနှင့်အတူ TRIDON Mk2 လက်နက်စနစ်သည်ထိရောက်သောလေကြောင်းရန်ကာကွယ်ရေးအတွက် အဓိကအရေးပါသော လက်နက်စနစ်မျိုးဖြစ်လာခဲ့သည်။

TRIDON Mk2 လက်နက်စနစ်အပြင် အကူအညီပေးရေးပက်ကေ့ချ်တွင် RBS70 NG ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် နိုင်ငံတကာမိတ်ဖက်များမှတစ်ဆင့် ရရှိထားသော အခြားပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေး စနစ်များပါဝင်လာပြီး ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ဤလွှဲပြောင်းပေးအပ်မှုသည် ယူကရိန်းလေပိုင်နက်ကိုကာကွယ်ရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကြိုးပမ်းအားထုတ်မှုများကိုမီးမောင်းထိုးပြနေချိန်တွင် ပဋိပက္ခများကြား၌ ယူကရိန်း၏ခံစစ်အနေအထားကို အားကောင်းလာစေရေး ဆွီဒင်နိုင်ငံ၏ ကတိကဝတ်ကို အလေးပေးဖော်ပြလျက်ရှိကြောင်း သိရသည်။

**Sweden Transfers Tridon Mk2 Air Defense System to Ukraine as Part of a New Aid Package.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ရေဦးမြို့နယ်တွင် ပဲစင်းငုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၄ ဒသမ ၆၃ တင်း ထွက်ရှိ



**ရေဦး ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၄ ဒသမ ၆၃ တင်း ထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၂၁၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၁၄ ဒသမ ၆၃ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲစင်းငုံ ၆၂၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ပဲစင်းငုံသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ကုလားပဲခြမ်းများ အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ကုလားပဲခြမ်းများ တစ်ရက်လျှင် ပိဿာချိန် ၁၀၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကုလားပဲခြမ်းတွေက အရင်ထက် တော်တော်လေးအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ် လုပ်နေတဲ့ ကုလားပဲခြမ်းတွေက ဆောင်းကာလကျန်တဲ့ ပဲအဟောင်းတွေပါ။ အရောင်းအဝယ် ကောင်းလာတော့ ကုလားပဲစိုက်တောင်သူတွေ၊ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာတွေ့ရပါတယ်။ လက်ရှိ ဒေသထွက် ကုလားပဲခြမ်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းနေပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။



ကျုံပျော်မြို့နယ်တွင် ကုလားပဲခြမ်းများ အပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ကုလားပဲခြမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ညောင်ရွှေမြို့နယ် ရေတန်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် တောင်တိုကျေးရွာအုပ်စု ရေတန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ရေတန်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ပေ ၂၀၀၀ ရှိ ၁၁ကေဗွီဓာတ်အားလိုင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်း၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ခရိုင်ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာဖြင့် ထဲထဲဝင်ဝင်အစဉ်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ၏ ဦးဆောင်ညွှန်ကြားမှုဖြင့်ရေးဆွဲခဲ့သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကင်းဝေးလျော့ကျရေး၊ သဘာဝဘေးနှင့်အရေးပေါ်အခြေအနေများအပေါ် ပံ့ပိုးဆောင်ရွက်ပေးရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်မားလာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊အမျိုးသမီးများ၏ဘဝရပ်တည်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍများတွင်သာမက နိုင်ငံတကာနှင့်ဒေသတွင်းအမျိုးသမီးအရေးဆိုင်ရာကိစ္စရပ်များတွင်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိရပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံတကာကတိကဝတ်များ၊အာဆီယံလုပ်ငန်းစဉ်များတွင်လည်း အတူပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်ကိုသိရှိရပြီး ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်မားစေရန်နှင့် ဝင်ငွေရအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၁ ကျောင်းဖွင့်လှစ်ထားရှိပြီး ကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုသင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် သဘာဝဘေး၊ လူကြောင့်ဖြစ်သည့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ်ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံးဆုရရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၁ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သည့်အပိုင်းတွင် တတ်စွမ်းနိုင်သမျှ မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တစ်ဖက်တစ်လမ်းက ပံ့ပိုးပါဝင်ကူညီပေးခြင်းဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်သွားကြရန် တိုက်တွန်းအမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရဲမှူထမ်းဟောင်း ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကာ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက သုံးနှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ထားရှိမှုတို့ကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းအဖွဲ့ သုံးနှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ၊အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊နေပြည်တော်၊တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ သုံးနှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ သုံးနှစ်မြောက်နှစ်ပတ်လည်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ဗဟိုဌာနချုပ်ရုံးကိုစတင်ဖွင့်လှစ်၍ အဖွဲ့ဝင်များ အင်အားတိုးတက်ခိုင်မာလာစေရေးအတွက် စည်းရုံးရေး၊ဖွဲ့စည်းရေး၊ ရန်ပုံငွေတိုးတက်ရေးအစရှိသည့်လုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်စည်းရုံးရေးကော်မတီ၊ မြို့နယ်စည်းရုံးရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာထိ သုံးနှစ်တာကာလအတွင်း မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များကို တိုးတက်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်းတွေ့ရှိရပြီး ယခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။



တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့်လည်း မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် သာရေး၊ နာရေး၊လူမှုရေးဆိုင်ရာကိစ္စများတွင် ကူညီပံ့ပိုးနိုင်ရန်အတွက် ရန်ပုံငွေများပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း ရန်ပုံငွေများထည့်ဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ရဲမှုထမ်းအငြိမ်းစားသေဆုံးသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊သမီးများနှင့်ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများအပေါ် ပံ့ပိုးပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့၏ ရည်ရွယ်ချက်များအောင်မြင်အောင်ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ဘေးဖြစ်ပွားရာဒေသများတွင်ရှိသည့် ယာယီခိုလှုံရေးစခန်းနှင့် IDP CAMP များမှ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း လုပ်ငန်းအစီအစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၄ – ၂၀၂၅ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဇန်နဝါရီလထိ အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းသင်တန်းများကို ၁၇၆ ကြိမ်၊သင်တန်းတက်ရောက်သူ ၄,၂၂၂ ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး ၅၉၄ ဦးကို အလုပ်အကိုင်ချိတ်ဆက်ပေးနိုင်ခဲ့ပါကြောင်း။

အမျိုးသမီးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှုသည် အရေးကြီးသည်ကိုတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ထို့ကြောင့် အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်သူများ ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကိုဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းနှင့်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၁ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင်လည်း အားလုံးတက်ကြွစွာပါဝင်ဆွေးနွေးပြီး ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိကြပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပေါ် ချီးမြှင့်သည့် စွမ်းဆောင်မှုနှင့် လွှမ်းခြုံမှုအကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် အထူးဆုရရှိသည့် ကချင်ပြည်နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့်ဥက္ကဋ္ဌတို့က စွမ်းဆောင်မှုအကောင်းဆုံးပထမဆု၊ဒုတိယဆု၊ တတိယဆု၊ ဂုဏ်ပြုဆု၊ အထူးဆုနှင့် လွှမ်းခြုံမှုအကောင်းဆုံးပထမဆု၊ဒုတိယဆု၊ တတိယဆု၊အထူးဆုနှင့်ချီးမြှင့်ပံ့ပိုးမှုဆုတို့ ရရှိကြသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၁ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ(၁)တို့က သဘာပတိအဖြစ်ဆောင်ရွက်ကာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် သဘာပတိများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါနှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်ထိ နှစ်ရက်တာကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement)ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင်ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးပွဲလေ့လာသူအဖြစ်တက်ရောက်သည့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ယနေ့ဆွေးနွေးပွဲ ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အစိုးရပြောရေးဆိုခွင့်ရှိသူများ တတ်ကျွမ်းမှုနှင့် စိန်ခေါ်မှု၊ သက်ဆိုင်ရာနိုင်ငံအလိုက် အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ အခန်းကဏ္ဍ၊ မီဒီယာအခင်းအကျင်းနှင့် သတင်းတု၊သတင်းမှား ကိုင်တွယ်ဖြေရှင်းမှုပုံစံများကို နိုင်ငံအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် သင်တန်းဆရာများက ဦးဆောင်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများသည် လူထုနှင့် ဆက်သွယ်သတင်းစကားပေးခြင်းနှင့် သုတေသနပြုခြင်းဆိုင်ရာ အကြောင်းအရာများ၊ အသံတည်းဖြတ်ခြင်းဆိုင်ရာ၊မီဒီယာနှင့်ဆက်သွယ်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ တွေ့ဆုံမေးမြန်းခြင်းနှင့် ချိတ်ဆက်ဆက်သွယ်ခြင်းဆောင်ရွက်ရာတွင် သတိပြုရမည့်အချက်များ၊ လုံခြုံရေးအဆင့်အတန်းသတ်မှတ်ထားသော သတင်းအချက်အလက်များကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စိန်ခေါ်မှုဖြစ်စေသည့်အကြောင်းအရာများကို ဆက်သွယ်ဖြေရှင်းခြင်း စသည့်အကြောင်းအရာများကို လက်တွေ့လေ့ကျင့်ခန်းများဖြင့် ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်ထိ သုံးရက်တာကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံဒေသတွင်းရှိ အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် မီဒီယာနှင့် အစိုးရတာဝန်ရှိသူများအကြား ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုနိုင်ရန်၊ အဓိကကျသည့် သတင်းစကားများ ဖြန့်ဖြူးပေးပို့နိုင်ရန်နှင့် အစိုးရနှင့်ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်ရန်သာမက အကျပ်အတည်း အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လိုအပ်သောကျွမ်းကျင်မှုနှင့် အသိပညာများဖလှယ်နိုင်ရန် ရည်ရွယ်ပြီး အာဆီယံပြန်ကြားရေးဆပ်ကော်မတီ၏ စီမံကိန်းတစ်ခုအဖြစ် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ အထောက်အပံ့ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟိုင်းကြီးကျွန်းမြို့ သံကြိုးလမ်းကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်

**ပုသိမ် ဖေဖော်ဝါရီ ၂၆**

၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျောက်ချောင်းကျေးရွာအုပ်စု သံကြိုးလမ်းကျေးရွာတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းကကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ယင်းနောက် ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။




အဆိုပါလမ်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သည့်လမ်းဖြစ်ပြီး လမ်းအရှည် ပေ ၁၀၅၀၊ အကျယ် ၁၀ ပေနှင့် ဒု ခြောက်လက်မ ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဝီရိယထား ကြိုးစားအားထုတ်ပါက အောင်မြင်မှုများရရှိမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်မိမိ ယုံကြည်ချက်ခိုင်မာစွာထားရှိပြီး အောင်စိတ်မွေးရမည်ဖြစ်ကြောင်းဖြင့် အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ လိုအပ်ချက်များ တင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရင်ခွင်ဦးဆောင်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းအဖြစ် ကျေးလက်နေတိုင်းရင်းသားပြည်သူများအား စာပေသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကွမ်းခြံကုန်းမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မန်းကလိပ်ကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဇေယျာသုခကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံဈေးကုန်းကျေးရွာရှိ မဏိဇောတရာမကျောင်းတိုက်မှ သံဃာတော် ငါးပါးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၂၉ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ Ultra-sound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊တပ်သားအဆင့် အဆင့်လေးဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူ၁၀၄ ဦး၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




ဧရာဝတီတိုင်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

## ထူးခြားသည့် ညအပူချိန်များ (၂၆-၂-၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | နမ့်စန် | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၁၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅) ဂရမ်၏ ဈေးနှုန်း ၅၅၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



# မြန်မာ-တရုတ် ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်ကာ အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့ကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ယုဇနဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများ၊တိုင်းဒေသကြီးအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ကဏ္ဍများအလိုက် လက်ရှိတွင် ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးကို ပိုမိုတိုးမြှင့်ကာ အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးနွေးထွေးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်း၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာခိုင်ခိုင်စိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂) | ဦးခင်မောင်လှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန |
| (၃) | ဒေါက်တာသန့်စင်အေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာမြသန္တာ<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီ ပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ်အတွက် နှစ်ပတ်လည်စာမူဆုရရှိသူများ ကြေညာ

၂၀၂၄ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် သုတအလင်းမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့က ထုတ်ပြန်လိုက်သည်။

**မြဝတီမဂ္ဂဇင်း**

၂၀၂၄ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်းစိုပြေကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ကိုကို(ရေနံ့သာ)၏ "ရေဝေးက အတွေးတစ်စ" ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)၏ "အမိနိုင်ငံအတွက် မှန်ကန်သောအတွေးအခေါ်" ကလည်းကောင်း၊ အကောင်းဆုံးရသစာတမ်းဆုကို မန်းတင့်မော်၏ "သွားကြားထိုးတံတစ်ချောင်း"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ယဉ်ယဉ်နု(မန္တလေး)၏ "စပ်စုကြသူများ"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ကျော်တေဇ(ဥက္ကလာ)၏ "အမှတ်တရ မြေစာထုပ်လေး"ကလည်းကောင်း၊ ကလောင်သစ်ဝတ္ထုတိုဆုကို နေဝင်းဝင်း(လွန်ဆေး)၏ "ထင်ကောင်းကင် မြင်မြေလွှာ"ကလည်းကောင်း အသီးသီးရရှိကြသည်။

**ငွေတာရီမဂ္ဂဇင်း**

၂၀၂၄ ခုနှစ်အတွက် ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်း ဦးကြယ်ကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ရွှေမြိုင်ပြုံးလွဲမော်၏ "မြန်မာ့အမွေ ကမ္ဘာ့မြေသို့" ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို တက္ကသိုလ်စိုးစံ၏ "ပွဲပြင်အလွမ်း"ကလည်းကောင်း၊ အကောင်းဆုံးရသစာတမ်းဆုကို ဥဩ(ချယ်ရီမြေ)၏ "အဆက်များ"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ပတ္တမြားမိုး၏ "ဓနိဖက်တွေ ပြိုတဲ့ည"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)၏ "မင်္ဂလာနံနက်ခင်းများ"ကလည်းကောင်း၊ ကလောင်သစ်ဝတ္ထုတိုဆုကို ရင့်မှူးအိမ်(စောယွန်းမြေ)၏ "ပဋ္ဌလက်ပြဇာတ်"ကလည်းကောင်း အသီးသီးရရှိကြသည်။

**သုတအလင်းမဂ္ဂဇင်း**

၂၀၂၄ ခုနှစ်အတွက် သုတအလင်းမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်းမောင်တင်ယုကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို အေကေမင်း၏ "သိ သတိ"ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ဒေါက်တာနိုင်ဆွေဦး(သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့)၏ "မျက်မှောက်ခေတ်စစ်ပွဲများ၏ ပြောင်းလဲတိုးတက်လာသော သဘောသဘာဝများ"ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုရရှိသူများအနေဖြင့် မြဝတီစာပေတိုက် မြဝတီမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း- ၀၉၄၅၂၂၆၀၅၃၆၊ ငွေတာရီမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း-၀၉၆၆၂၁၃၆၈၈၊ သုတအလင်းမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း-၀၉၆၈၆၉၆၅၁၅၂ တို့သို့ ကြိုတင်ဆက်သွယ်ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

# မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ပညာပေးဇာတ်လမ်းတို (Short Film ၂-၃မိနစ်)ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ငါးခု ရွေးချယ်မည်ဖြစ်၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

( ခ ) ဆောင်ပုဒ် တစ်ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

( ဂ ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊အင်္ဂလိပ်ဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၅ ခုနှစ် မတ် ၂၆ ရက် နောက်ဆုံးထားပေးပို့ယှဉ်ပြိုင်ရမည်။

( င ) ဆောင်ပုဒ်များကို Fax ၀၆၇၃-၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

( စ ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာပြည့်စုံစွာပါရှိရမည်။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးက တက်ကြွစွာပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၀၀ ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ထိထိရောက်ရောက်ဖော်ထုတ်အရေးယူ နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ KK Park နှင့် မယ်ထော်သလေးနယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၀၀ ကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော် နှင့် တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးရန်အသင့်ဖြစ်နေသည့် ပြည်ပနိုင်ငံသားများအား ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ယနေ့ထပ်မံထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၂၇၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၀၀ ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့မှုမှတ်တမ်းဓာတ်ပုံ။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၆-၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ယနေ့ညနေမှ ၂၇-၂-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဖေဖော်ဝါရီ ၂၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့မှုမှတ်တမ်းဓာတ်ပုံ။



ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့်ပိန်းဇလုပ်ဘူတာအကြား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် အစုန်ရထားလမ်းအား ပြန်လည်ပြုပြင်နေမှုမှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

နံနက် ၁၁ နာရီ မိနစ် ၂၀ အချိန် စတင် ဆောင်ရွက်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် အစုန်ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်၍ ရထားများပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမှတ်(၉၀၂-A) အစုန်ကုန်ရထားသည် ပဲနွယ်ကုန်းဘူတာသို့ ဖေဖော်ဝါရီ ၂၅ ရက် ည ၆ နာရီ ၁၀ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၉၀၂-B)အစုန်ကုန်ရထားသည် ကညွတ်ကွင်းဘူတာသို့ ည ၆ နာရီ မိနစ် ၂၀ ခန့်တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် အမှတ်(၉၂၃-B) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၇ နာရီ ၅ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၉၁၃)အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာသို့ နံနက် ၇ နာရီ ၃၅ မိနစ်ခန့်တွင် လည်းကောင်း၊ အမှတ်(၉၁၄)အစုန်ကုန်ရထားသည် ဇေယျဝတီဘူတာသို့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၁၁)အဆန်လူစီးရထားသည် ညောင်လေးပင်ဘူတာသို့ နံနက် ၈ နာရီ ၄၉ မိနစ်ခန့်တွင်လည်းကောင်း၊ အမှတ်(၁)အဆန်စာပို့ရထားသည် ပဲခူးဘူတာသို့ နံနက် ၁၀ နာရီခွဲခန့်တွင်လည်းကောင်း အသီးသီးရောက်ရှိရပ်တန့်ထားခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့်ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း အကြိမ် ၈၀၊ ရထားတံတား၊ သံလမ်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၁၇၄ ကြိမ်၊ ဘူတာအဆောက်အအုံနှင့်ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ်ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ခရီးသည်များနှင့် ကုန်စည်များထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။



တောဝိ-ပိန်းဇလုပ် အစုန်ရထားလမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုဖြစ်စဉ်ပြပုံ






ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ဖိုးသကြိန်(ခ)တန်ခူးနှင့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းသို့ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉)မှ တပ်စိတ်မှူးအဆင့်ရှိသူ ဖိုးသကြိန် (ခ) တန်ခူး (ဘ) ဦးချစ်ဖေသည် ၎င်းကိုင်ဆောင်သည့် Type-81 သေနတ်တစ်လက်၊ ၎င်းကျည် ၁၂၅ တောင့်၊ ကျည်အိမ်သုံးခု၊ လက်ပစ်ဗုံးတစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူအား စစ်ဆေးမေးမြန်းချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ မတ် ၂၁ ရက်ထိ မော်လိုက်မြို့နယ် အုတ်ဖိုကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၃၅၀ ခန့်အကွာ နေရာရှိ ကလေးခရိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ တပ်ရင်း(၉)စခန်းဟောင်း၌ အကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊သင်တန်းဆင်းပြီးနောက် အဆိုပါစခန်းဟောင်း၌ လူနေတဲများဆောက်လုပ်ခြင်း၊ ဆက်သွယ်ရေးမြောင်းများ တူးဖော်ခြင်းနှင့် အထွေထွေတာဝန်များထမ်းဆောင်ခဲ့ရပြီး ၂၀၂၃ ခုနှစ် ဧပြီလခန့်တွင် ဒုတပ်စိတ်မှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း၊ထို့နောက် ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ၎င်းအပါအဝင် အဖွဲ့ဝင် သုံးဦးသည် ကလေးဝမြို့နယ် ကျွဲနန်ကျေးရွာ၏ တောင်ဘက်ရှိ တောင်ယာတဲတွင် နေထိုင်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အားဦးရေ ၃၀ ခန့်ရှိ အဖွဲ့ထံ သွားရောက်ပူးပေါင်းနေထိုင်ခဲ့ပြီး ချင်းတွင်းမြစ်အတွင်း၌ တပ်မတော်ရေယာဉ်များ ဖြတ်သန်းသွားလာခြင်းရှိ၊မရှိကို စောင့်ကြည့်ခြင်းများ လုပ်ဆောင်ခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ခေါ်မကျေးရွာ၏ အနောက်မြောက်ဘက်ရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အားဦးရေ ၅၀ ခန့်နေထိုင်သည့် စခန်းသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ဦးရေ ၂၀ ခန့် နေထိုင်သည့် ကလေးဝ-အောင်ချမ်းသာ ကားလမ်းဘေး ထန်းတပင်ကာကင်းစခန်းသို့လည်းကောင်း အဆင့်ဆင့်ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း၊ ၎င်းအနေဖြင့် အကြမ်းဖက်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိစဉ် PDF အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထုအပေါ် အနိုင်ကျင့်ဆက်ကြေးကောက်ခံနေမှု၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်မှု၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ သတ်ဖြတ်နေမှုတို့အား သိမြင်လာခဲ့ပြီး အဆိုပါလုပ်ရပ်များကို မနှစ်သက်ခြင်း၊ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူကို ကလေးတပ်နယ်မှ တာဝန်ရှိသူများက နွေးနွေးထွေးထွေး ကြိုဆိုလက်ခံခဲ့ကြပြီး လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များအားလုံး အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်းနှင့် ၎င်းနှင့် ၎င်းမိသားစုဝင်များ၏ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက်လည်း လိုအပ်သည့်လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းဝင်ရောက်လာသူ၏ထုတ်ဖော်ပြောဆိုမှုများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

“ကျွန်တော်ကတော့ ကလေးခရိုင် PDF တပ်ရင်း(၉)က လက်နက်ခဲယမ်းအပြည့်အစုံနဲ့ ဒကစ(ကလေး)ကို အလင်းဝင်တဲ့ ဖိုးသကြိန်ဖြစ်ပါတယ်။ကျွန်တော့်ရဲ့ဇာတိကတော့ ကလေးဝမြို့နယ် ဇီးဆောက်ရွာဖြစ်ပါတယ်။ ရွာမှာ တောင်သူလုပ်ကိုင်နေစဉ် တပ်မတော်က နိုင်ငံတော်ကို အာဏာထိန်းလိုက်တာကို မကျေနပ်၍ လက်နက်ကိုင်တော်လှန်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ PDF ထဲမှာ ကျွန်တော့်ရဲ့ လက်ရှိရာထူးက တပ်စိတ်မှူးရာထူးအဆင့်ထိ နှစ်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ PDF ထဲမှာနေခဲ့တဲ့ ကာလတစ်လျှောက်လုံး ကင်းတွေထွက်ရတယ်။ ကာကင်းတွေထွက်ရတယ်။ အဲ့ဒါတွေတော့ လုပ်ခဲ့ရပါတယ်။ရွာထဲတွေဝင် ဆက်ကြေးဝင်ကောက်ခံတာတို့ စားသောက်ဖွယ်ရာများရှာဖွေတွေ့လျှင် ယူတာတွေ လုတာတွေတော့ ရှိခဲ့ပါတယ်။ PDF ခေါင်းဆောင်တွေကတော့ ဆက်ကြေးငွေ မပေးတဲ့သူတွေကို သူတို့ဘယ်လိုလုပ်တယ်ဆိုတာ တချို့ကိစ္စတွေမှာ ကျွန်တော်တို့မသိတဲ့အရာတွေတော့ရှိတယ်ခင်ဗျ။ သူတို့ဘာသာပြီးသွားတဲ့ကိစ္စမျိုးတွေတော့ လုပ်ခဲ့တာတွေရှိတယ်။ ဖမ်းပြီးတော့ နှိပ်စက်တာမျိုးတွေရှိခဲ့ပါတယ်ခင်ဗျ။ သူတို့က တစ်ဆင့်နဲ့ တစ်ဆင့် ကြီးနိုင်ငယ်ညှဉ်းလုပ်နေတာတွေကများပြီး သူတို့ပြောတာတခြား လုပ်တာတခြား ဒါမျိုးတွေတော့ရှိပါတယ်။ တခြားဖြစ်စဉ်ဖြစ်တဲ့ ကာလ္လန္တြေဖျက်ဆီးတာတွေရှိခဲ့တယ်။ အဲ့ဒါမျိုးတွေလည်း ရှိခဲ့ပါတယ်ဗျ။ တချို့အမျိုးသမီးတွေဆိုရင် သူတို့ဘာသာသူတို့ တပ်ထဲကနေ ထွက်ပြေးသွားတာတွေရှိတယ်။ အဆုံးစီရင်သွားတာမျိုးတွေရှိတယ်။ အဲ့ဒီလိုမျိုးဖြစ်စဉ်မျိုးတွေ မကြာခဏတော့ဖြစ်ပါတယ်ခင်ဗျ။ PDF ထဲမှာတော့ စောစောကသူတို့ပြောခဲ့တာကတစ်မျိုး လုပ်နေတာကတစ်မျိုးတွေပြီးရင် ကျွန်တော်တို့ကိုယ်တိုင်ကလည်း လုပ်နေတာက တစ်မျိုးတွေဆိုတော့ သူတို့ရဲ့ လုပ်ရပ်နဲ့အပြောနဲ့ ဘယ်လိုမှကိုမကိုက်ညီတဲ့အတွက် ဒီဥပဒေဘောင်နဲ့ တပ်မတော်ဘက်ကို လာပြီးတော့ အလင်းဝင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်အလင်းမဝင်ခင်ကတော့ စဉ်းစားပါသေးတယ်။ အလင်းဝင်ရင် တပ်မတော်က ဘယ်လိုတွေဖြစ်မလဲ။ ကျွန်တော်ရဲ့ အသက်အာမခံကရော ရှိပါ့မလား။ဘာလား။ညာလားတော့ ကျွန်တော်တွေးပါသေးတယ်။ နောက်ပိုင်းတော့ ဘယ်လိုပဲနေနေ ဟိုထဲမှာ နေရတာထက်



စာရင် ဒီဘက်မှာနေရတာကမှ ကောင်းမယ်ဆိုတဲ့ အတွေးတစ်ခုကော၊ ပြီးရင် ဒီဘက်မှာက ဘယ်လိုပဲနေနေ ဘာပဲဖြစ်ဖြစ် ဘယ်လိုအန္တရာယ်ပဲဖြစ်ဖြစ် ဆိုပြီးတော့ ကျွန်တော်အလင်းဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့အတွေးနဲ့ ဒီမှာရောက်တော့ ကြိုဆိုတဲ့ပုံစံက လုံးဝတခြားစီဖြစ်ပါတယ်။ ဒီမှာ နွေးနွေးထွေးထွေး ကျွန်တော့်ကို ကြိုပါတယ်။ တပ်ကလည်း နွေးနွေးထွေးထွေး ကြိုတယ်။ ကောင်းကောင်းမွန်မွန်လည်း ထားပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက် အဓိကကတော့ ဟိုဘက်မှာ လုံးဝမနေချင်တဲ့အတွက် ကိုယ့်မိသားစုနဲ့ပဲ အေးအေးဆေးဆေးနေချင်တဲ့ အတွက်ကြောင့် အလင်းဝင်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျန်နေခဲ့တဲ့ရဲဘော်တွေ၊ညီအစ်ကိုတွေ အလင်းဝင်ဖို့အတွက် မဝံ့မရဲဖြစ်နေတဲ့ဟာတွေ သူတို့ပြောတာတွေက တခြားစီပါ။ ကျွန်တော်ကိုယ်တိုင် ဒီဒကစ(ကလေး)ကို အထဲကိုရောက်နေပါပြီ။ လူကြီးတွေလည်း သူတို့အဆင့်အဆင့် နွေးနွေးထွေးထွေးနဲ့ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန်လည်းထားတယ်။ အဲ့ဒီတော့ စိုးရိမ်စရာလည်း မရှိပါဘူး။ စိတ်ချလက်ချနဲ့ အမြင်မှန်ရပြီးတော့ ကျွန်တော်နဲ့အတူတူ ဒီကို အလင်းဝင်ဖို့အတွက် လာရောက်ဖို့အတွက်လည်း ဒီကလူကြီးတွေပြောနေပါတယ်။ အလင်းဝင်ဖို့အတွက်လည်း ခေါ်နေပါတယ်။ အဲ့ဒါဆိုတော့ ကျွန်တော့်ကိုသာ ကြည့်ပါ။ ကျွန်တော် ကောင်းမွန်မွန်ရှိပါတယ်။ ဒဏ်ရာဒဏ်ချက်တစ်ခုမှလည်းမရပါဘူး။ တစ်ချက်မှလည်း မရှိပါဘူး။ နှိပ်စက်တာတွေဘာတွေမရှိပါဘူး။ သူတို့ပြောထားတဲ့ အတိုင်းနဲ့ လုံးဝတခြားစီဖြစ်နေပါတယ်။ ဒီမှာနွေးနွေးထွေးထွေးနဲ့လည်း ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန်လည်း ထားတယ်။ အစစအရာရာ အကုန်အဆင်ပြေတယ်ပေါ့နော်။ ကျွန်တော်နဲ့အတူ အလင်းဝင်ဖို့အတွက် ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်။ ရဲရဲဝံ့ဝံ့သာ လာခဲ့ပါလို့ ကျွန်တော်တို့ရဲ့ ကျန်တဲ့ ညီအစ်ကိုတွေ ရဲဘော်တွေအကုန်လုံးကို ကျွန်တော် ဒီနေရာကနေပြီးတော့မှ ပြောချင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

# မြင်းမြို့နယ် ကျောင်းကုန်းကျေးရွာနှင့်သံပုရာခြံကျေးရွာရှိ နေအိမ်အလုံး ၃၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောင်းကုန်းကျေးရွာနှင့်သံပုရာခြံကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်မီးရှို့ခဲ့၍ နေအိမ်အလုံး ၃၀ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်ပြည်သူလူထု၏အသက်၊အိုးအိမ်၊စည်းစိမ်ဥစ္စာကိုကာကွယ်စောင့်ရှောက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကိုမလိုလားဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်းနှင့် လူသတ်စုဆောင်းခြင်းများကို အဓမ္မလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အလိုကျလိုက်ပါလုပ်ဆောင်ခြင်းမရှိသည့်မြို့နယ်၊ကျေးရွာများမှ ဒေသခံပြည်သူများကို ၎င်းတို့အပေါ် ကြောက်ရွံ့ နာခံလာစေရန်အတွက် ခေါင်းစဉ်အမျိုးမျိုးပြ၍ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ယခုကဲ့သို့သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# အာဖဂန်နစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၂၉ ဦးသေဆုံး



ကဘူးလ် ဖေဖော်ဝါရီ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ ဖာရာဟ်စီရင်စုတွင် ဖေဖော်ဝါရီ ၂၅ ရက်က ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုကြောင့် လူ ၂၉ ဦး သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ဖာရာဟ်စီရင်စုအနောက်ဘက်ပိုင်း ကိုဂျာ ကျေးလက်ဒေသတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး သေဆုံးသူ ၂၉ ဦး အနက် ၂၂ ဦးမှာ မိသားစုနှစ်စုမှ မိသားစုဝင်များဖြစ်ကြောင်း၊ ကန်ဒါဟာမြို့တွင် နေထိုင်သည့် အဆိုပါမိသားစုနှစ်စုသည် ကိုဂျာကျေးလက်ဒေသသို့ ပျော်ပွဲစား ထွက်ရင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရပြီး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ အခြားသော သေဆုံးသူ ရှစ်ဦးမှာ ကန်ဒါဟာမြို့တွင်နေထိုင်သည့် ဒေသခံများဖြစ်ကြကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

"ဖာရာဟ်စီရင်စု အနောက်ဘက်ပိုင်း ကန်ဒါဟာမြို့နဲ့ ကိုဂျာကျေးလက်ဒေသတို့မှာ ရေကြီးရေလျှံမှုကြောင့် လူ ၂၉ ယောက် သေဆုံးခဲ့ပါတယ်။ သေဆုံးသူ ၂၉ ယောက်အနက် ၂၂ ယောက်မှာ မိသားစုနှစ်စုက မိသားစုဝင်တွေဖြစ်ပြီး ကိုဂျာကျေးလက်ဒေသမှာ သေဆုံးခဲ့တာဖြစ်ပါတယ်။ ကျန်ရှစ်ယောက်ကတော့ ကန်ဒါဟာမြို့မှာဖြစ်ပွားတဲ့ ရေကြီးရေလျှံမှုကြောင့် သေဆုံးခဲ့တာဖြစ်ပါတယ်။ သေဆုံးသူ ရှစ်ယောက်အနက် လေးယောက်ကတော့ ရေကြီးရေလျှံမှုကြောင့် အိမ်ပြိုကျပြီး သေဆုံးခဲ့သလို ကျန်လေးယောက်ကတော့ ချောင်းဘေးမှာ အဝတ်လျှော်နေရင်း ရုတ်တရက်ရေလျှံလာပြီး ရေစီးနဲ့အတူ မျောပါသွားခဲ့တာဖြစ်ပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး အပူလှိုင်းဖြတ်သန်းမှုအဝါရောင်အဆင့်သတိမှတ်

နယူးဒေလီ ဖေဖော်ဝါရီ ၂၆

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းမှစ၍ အပူလှိုင်းဖြတ်သန်းမှု အဝါရောင်အဆင့် သတိပေးချက်သတ်မှတ်ကြောင်း India Meteorological Department (IMD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှု ပမာဏသည် ၃၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာခဲ့ပြီးနောက် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ် မြင့်မားလျက်ရှိကြောင်း၊ အပူလှိုင်းပါ ဖြတ်သန်းလာခြင်းကြောင့် အပူချိန်ဆက်လက်မြင့်တက်သွားဖွယ်ရှိနေပြီး ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့် အဆင့်ဖြစ်ကြောင်း India Meteorological Department(IMD) က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"မွမ်ဘိုင်းမြို့မှာ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပြီးတော့ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ သာမန်အပူချိန်မြင့်တက်မှုပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲပိုင်းမှာတော့ အပူလှိုင်းဖြတ်သန်းမှုတွေဖြစ်ပေါ်ခဲ့တယ်။ အပူလှိုင်းဖြတ်သန်းမှု အဝါရောင်အဆင့်သတိပေးချက် သတ်မှတ်ထားပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အပူချိန်ကတော့ ဖေဖော်ဝါရီလမှာ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားနေပါတယ်။ ဖြစ်ပေါ်နေတဲ့ အပူချိန်ပမာဏဟာ ငါးနှစ်တာကာလအတွင်း မွမ်ဘိုင်းမြို့အတွက် အမြင့်ဆုံးအပူချိန်ပမာဏလဲဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှု သတိပေးချက်ကိုတော့ မွမ်ဘိုင်းမြို့အပြင် ရက်နာဂီရီခရိုင်နဲ့ ရိုင်ဂတ်ခရိုင်တို့မှာလဲ ထုတ်ပြန်ထားပါတယ်"ဟု India Meteorological Department(IMD)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# တရုတ်နိုင်ငံတွင် လေထုညစ်ညမ်းမှုလျှော့ချရေးစီမံချက်ကို ယခုနှစ်အတွင်း အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်



ပေကျင်း ဖေဖော်ဝါရီ ၂၆

တရုတ်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် လေထုညစ်ညမ်းမှု လျှော့ချရေး စီမံချက်ကို ယခုနှစ်အတွင်း အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ Department of Atmospheric Environment(DAE) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး လုပ်ငန်းများကိုလည်း အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပြီး "battle for blue skies."အမည်ဖြင့် ယခုနှစ်အတွင်း လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအတွင်း လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် လေထုသန့်စင်မှုညွှန်းကိန်း ကျန်းမာရေးနှင့်ညီညွတ်သည့် ပမာဏတွင် တည်ငြိမ်မှုရှိစေရေးအတွက် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း Department of Atmospheric Environment(DAE) မှ ပြောရေးဆိုခွင့်ရှိသူ လီထင်ဝေက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် နှစ်စဉ် လူသေဆုံးမှုမှာ တစ်နှစ်လျှင် နှစ်သန်းကျော်ရှိပြီး ၎င်းအနက် လေထုညစ်ညမ်းမှုနှင့်ဆက်စပ်ပြီး သေဆုံးသူ တစ်သန်းကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထုတ်ပြန်ထားကြောင်း သိရသည်။

လေထုညစ်ညမ်းမှုမှာ နေအိမ်များတွင် ချက်ပြုတ်စားသောက်မှုများမှထွက်ပေါ်လာသည့် လေထုညစ်ညမ်းမှုများ၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှုမှ ထွက်ပေါ်လာသည့် လေထုညစ်ညမ်းမှုများကြောင့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်း လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်ကထက် တိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ကံမမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ကံမ ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်သူများ လေကောင်းလေသန့် ရရှိစေရေးအတွက် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီး ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ထောက်ကြံ့ကွင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိဦးမင်းကိုနိုင်က မီးခိုးမြူငွေ့သည် တစ်နေရာမှတစ်နေရာသို့ အလွယ်တကူပျံ့နှံ့ရောက်ရှိနိုင်ပြီး သက်ရှိများအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပွားနိုင်ကြောင်း၊ မီးခိုးမြူငွေ့ အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ ထောက်ကြံ့ကွင်းကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး

# အမေရိကန်နိုင်ငံ ပြည်နယ်ငါးခုတွင် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်နိုင်ငံတွင် ရေကြီးရေလျှံမှုများဖြင့် ရင်ဆိုင်နေရပြီး Accu Weather အဖွဲ့အစည်းက ကန်တပ်ကီပြည်နယ်နှင့် ကယ်လီဖိုးနီးယားပြည်နယ် အပါအဝင် ပြည်နယ်ငါးခုတွင် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားသော အခြားပြည်နယ်သုံးခုမှာ အိုရီဂွန်ပြည်နယ်၊ ဝါရှင်တန်ပြည်နယ်နှင့် မွန်တာနာပြည်နယ်တို့ဖြစ်ပြီး ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားသည့် ပြည်နယ်ငါးခုတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်နေကာ မိုးရေချိန်ဆက်လက်မြင့်တက်လာနိုင်သည့်အတွက် ရေဘေးအန္တရာယ် ပိုမိုဆိုးရွားလာဖွယ် ရှိနေကြောင်း၊ ပြည်နယ်ငါးခုတွင် မိုးရေချိန်အနိမ့်ဆုံးအဖြစ် ရှစ်လက်မထိ မြင့်တက်နိုင်ပြီး မိုးရေချိန်အမြင့်ဆုံးအနေဖြင့် ၁၆ လက်မထိ မြင့်တက်လာနိုင်ကြောင်း Accu Weather အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကန်တပ်ကီပြည်နယ်နဲ့ ကယ်လီဖိုးနီးယားပြည်နယ်တို့မှာ အန္တရာယ်ရှိတဲ့ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး အိုရီဂွန်ပြည်နယ်၊ ဝါရှင်တန်ပြည်နယ်နှင့် မွန်တာနာပြည်နယ်တို့မှာလဲ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ပြည်နယ်ငါးခုစလုံးမှာ အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်နဲ့ ကာလတစ်ခုထိ ရင်ဆိုင်သွားရနိုင်တယ်။ အနိမ့်ဆုံးမိုးရေချိန်ဟာ ရှစ်လက်မထိရှိနိုင်ပြီး အမြင့်ဆုံးမိုးရေချိန်ကတော့ ၁၆ လက်မထိ မြင့်တက်သွားနိုင်ပါတယ်"ဟု Accu Weather အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျာကော့ဘ်က ပြောကြားခဲ့သည်။

မိုးရေချိန် မြင့်တက်မှုကြောင့် ပြည်နယ်ငါးခုရှိ ရေဧရိယာများတွင် ရေပမာဏမြင့်တက်နေပြီး မိုးဆက်လက်ရွာသွန်းပါက မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကန်တပ်ကီပြည်နယ်နှင့် ကယ်လီဖိုးနီးယားပြည်နယ်တို့တွင် မြစ်ရေလျှံတက်မှုဖြစ်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။


Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# တန်ပြန်ဝင့်

မေခြူးသွယ်(တွံတေးမြေ)



(၁)

"နင့် အမေကို ရိပ်သာပို့ရအောင် အေးမူ"

မအေးမူတစ်ယောက် ခင်ပွန်းဖြစ်သူ၏ စကားကြောင့် အဝတ်အစားများ မီးပူတိုက်နေရာမှ ခင်ပွန်းဖြစ်သူကို လှည့်ကြည့်လိုက်ပြီး–

"ဘာဖြစ်လို့လဲ ကိုသောင်း"

သူ့ကို မေးခွန်းပြန်ထုတ်လာသော ဇနီးဖြစ်သူကို ကိုသောင်း စိတ်ပျက်စွာကြည့်လိုက်ပြီး –

"ဘာဖြစ်ရမှာလဲ။ အလကား ဆန်ကုန်မြေလေး တယ်။ ဘာအလုပ်မှလဲ ကူဖော်လောင်ဖက် မရဘူး။ ထမင်းစားရင်လဲ နောက်ကလူကလိုက်ပြီး သန့်ရှင်းရေးလုပ်ပေးနေရတယ်။အသက်အရွယ်ကိုလဲ ကြည့်လိုက်အုံး။ သင်္ချိုင်းကုန်း တစ်ဖက်လှမ်းနေပြီ"

ကိုသောင်း စကားကြောင့် မအေးမူတစ်ယောက် သက်ပြင်းကိုချပြီး–

"ကိုသောင်းရယ်။ ဘာများလဲလို့။ ရှင် မပြောခင်ကတည်းက ကျွန်မက အမေ့ကို ဘိုးဘွားရိပ်သာပို့ဖို့ စီစဉ်ထားပြီးပြီ။ ရှင် စိတ်ပူမနေနဲ့။ အသက်ကြီးလာရင် လူကြီးတစ်ယောက်ကိုပြုစုဖို့ ကျွန်မ အပင်ပန်းမခံနိုင်ပါဘူး ကိုသောင်းရယ်"

"ဟေ မိန်းမက ငါထက်တောင် အတွေးကောင်းသား။ အဲ့ဒါဆိုလဲ မင်းအမေကို ရိပ်သာပို့ဖို့ စီစဉ်ကြတာပေါ့"

လင်မယားနှစ်ယောက် အသက် ၇၀ကျော် ဖြစ်သော မိခင်အိုကြီးကို ဘိုးဘွားရိပ်သာပို့ရန် တိုင်ပင်ခဲ့ကြပြီး နှစ်ဦးအတိုင်အဖောက်ညီသွားခဲ့လေသည်။

(၂)

"အမေ မသွားလို့ မရဘူးလား အေးမူရယ်"

အဘွား ဒေါ်မြင့်သည် အထုပ်အပိုးတွေ ပြင်နေသော သမီးဖြစ်သူကို တောင်းပန်သော မျက်ဝန်းများဖြင့် ကြည့်၍ စကားဆိုလာ၏။ မအေးမူသည် မိခင်ကို တစ်ချက်သာ ပြန်ကြည့်ပြီး–

"မသွားလို့ မရဘူး။ သွားရမယ် အမေ။ အမေက အသက်ကြီးလာပြီ။ သမီးတို့လဲ အမေ့ကို မပြုစုနိုင်တော့ဘူး။ ဒီတော့ အမေ့ကို စောင့်ရှောက်နိုင်မဲ့သူတွေဆီကိုပဲ သွားပါ။ ဟိုမှာဆို အမေ့ကို စောင့်ရှောက်မဲ့သူတွေရှိတယ်။ ကိုသောင်း အမေ့ကို လိုက်ပို့ဖို့ သုံးဘီး သွားငှားတယ်"

ထိုမျှသာ ပြောပြီး မအေးမူသည် သိမ်းစရာရှိသည်များကို ဆက်သိမ်းနေ၏။ ဒေါ်မြင့်မှာ သမီးဖြစ်သူ၏ သူ့အပေါ်ပြုပြင်လာမှုကြောင့် မျက်ရည်များ ကျလာရသည်။ ထို့နောက် မျက်ရည်တွေဖြင့် တွေးလိုက်မိသည်က "ငါ အိုနေပြီပဲ" ဟူသာ ဖြစ်သည်။

(၃)

"နားခိုရာ ဘိုးဘွားရိပ်သာ"

ထိုဆိုင်းဘုတ်ကိုကြည့် ပြီး ဒေါ်မြင့်သည် သူ မနေချင်ကြောင်း သမီးဖြစ်သူကို မျက်နှာငယ်ကလေးဖြင့် ကြည့်၍ ပြောလာ၏။ သို့သော် မအေးမူသည် မိခင်၏ သနားစရာမျက်နှာကလေးကို ဥပေက္ခာပြုခဲ့၏။ အမေအိုကြီး ဒေါ်မြင့်သည် သမီး ဖြစ်သူကို မနေချင်ကြောင်း အကြိမ်ကြိမ်ပြောနေ၏။

"အမေ ဒီမှာ မနေချင်ဘူး သမီးရယ်။ အမေ သေရင်တောင် သမီးလက်ပေါ်မှာပဲ သေချင်တယ်ကွယ်။ ဒီမှာ အမေ့ကို မထားခဲ့ပါနဲ့ကွယ်"

တောင်းပန်ကာ သူ့လက်ကို အမိအရ လှမ်းဆွဲနေသော မိခင်၏လက်ကို မအေးမူ ဖယ်ထုတ်လိုက်ပြီး–

"အမေ ဘာဖြစ်နေတာလဲ။ ဒီမှာ အမေတစ်ယောက်ထဲ နေရမှာလဲ မဟုတ်ဘူး။ အမေနဲ့ အသက်တူ၊ ရွယ်တူ အဘိုးကြီး၊ အဘွားကြီးတွေကို အားနာပါအုံး။ သူတို့တောင် ဒီမှာ နေနိုင်သေးတာပဲ။ အမေက ဘာလို့ မနေနိုင်ရမှာလဲ။ မနေနိုင်လဲ နေနိုင်အောင်နေ။ အမေ့ကို ပြန်ခေါ်သွားဖို့ သမီးမှာ အစီအစဉ်မရှိဘူး"

မအေးမူ၏ စကားတို့သည် ဒေါ်မြင့်အတွက် လွန်စွာစိတ်ထိခိုက် ကြေကွဲစရာကောင်းနေခဲ့သည်။ ဒေါ်မြင့်သည် တစ်ဦးတည်းသော သမီးလေးဖြစ်သည့် မအေးမူကို လွန်စွာမှ ချစ်လွန်း၍ အလိုလိုက်ခဲ့သည်။ ထိုကဲ့သို့ သမီးဖြစ်သူကို ချစ်သလို သမီးမှ မွေးထားသည့် မြေးနှစ်ယောက်ကိုလည်း လွန်စွာချစ်သည်။ သူသည် သမီးနှင့် မြေးတွေကို မခွဲနိုင်ခြင်းကြောင့် သမီးဖြစ်သူကို အကြိမ်ကြိမ်တောင်းပန်နေခြင်းဖြစ်သည်။ သို့သော် ကိုသောင်းနှင့် မအေးမူတို့သည် ဒေါ်မြင့်ကို ရိပ်သာရှိ တာဝန်ရှိသူတို့ထံတွင် အပ်နှံခဲ့ပြီး ပြန်သွားလေသည်။ ဒေါ်မြင့်သည် ရိပ်သာ၏ အပေါက်ဝမှ ပြန်လည်ထွက်ခွာသွားသော သမီးဖြစ်သူ လိုက်ပါသွားသည့် သုံးဘီးလေးကို ငေးကြည့်ရင်း မျက်ရည်တွေကျကာ ကျန်ရစ်ခဲ့လေသည်။

(၄)

ဒေါ်မြင့်သည် ဘိုးဘွားရိပ်သာတွင် နေထိုင်ရသည့် အချိန်ကာလများတွင် ပျော်ရွှင်ခြင်း လုံးဝ ရှိမနေခဲ့ပေ။ အချိန်ပြည့် သမီးနှင့် မြေးတွေကို တမ်းတရင်း ကျန်ရှိနေသည့် သက်တမ်းကို အထီးကျန်စွာ ဖြတ်သန်းနေခဲ့ရသည်။ အချိန်ရာသီစက်ဝန်းတို့သည် နှစ်နှစ်ဆိုသည့် အချိန်ကာလတစ်ခုကို ကျော်လွန်ခဲ့သည်။ ထိုကာလသို့ ရောက်သည့်အခါ ဒေါ်မြင့်သည် "နားခိုရာ ဘိုးဘွားရိပ်သာ" တွင်သာ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အားကိုးအားထားရာ သားသမီးတို့ အနားမှာ မရှိသဖြင့် မိခင်အိုကြီး၏ ကွယ်လွန်ခြင်းသည် ကြေကွဲဖွယ်ကောင်းနေခဲ့သည်။ ဒေါ်မြင့်သည် ဘိုးဘွားရိပ်သာ၏ အဘိုး၊ အဘွားတို့အလယ်တွင် သိမ်ငယ်စိတ်တို့ဖြင့်သာ ဘဝတစ်ပါးပြောင်းသွားရှာသည်။ ထိုအချိန်တွင်လည်း ကိုသောင်းနှင့် မအေးမူတို့သည် ဘိုးဘွားရိပ်သာမှ ပြုလုပ်ခဲ့သော ဒေါ်မြင့်၏ စျာပနပွဲသို့ ရောက်လာခဲ့ခြင်း မရှိပေ။ ဘိုးဘွားရိပ်သာ၏ တာဝန်ရှိသူတို့သည် မအေးမူ နှင့် ကိုသောင်းတို့ကို ဒေါ်မြင့် ကွယ်လွန်ချိန်တွင် ဆက်သွယ်ပေးခဲ့ကြသော်လည်း "ကောင်းသလိုသာ စီစဉ်လိုက်ပါ" ဟူသော စကားလုံးကိုသာ ပြန်ကြားခဲ့သည်။ ထိုကြောင့် ရိပ်သာမှ ဒေါ်မြင့်၏ စျာပနပွဲကိုပြုလုပ်ပေးခဲ့ကြသည်။ တိတ်ဆိတ်စွာ လောကကြီးမှ ထွက်ခွာသွားရသည့် မိခင်ကြီး၏ စျာပနသည် သူ့ဝိမ်းတို့၏ အလယ်မှာ အထီးကျန်စွာ ပြီးဆုံးပျောက်ကွယ်သွားခဲ့ရလေသည်။

(၅)

မအေးမူနှင့် ကိုသောင်းတို့သည် သားတစ်ယောက် သမီးတစ်ယောက်နှင့် မိသားစုဘဝကို ပျော်ရွှင်စွာ တည်ဆောက်ခဲ့ကြသည်။ နှစ်တွေ၊ ရာသီတွေ၊ အချိန်တွေ၊ ဒီရေအလားတရွေ့ရွေ့ ကုန်ဆုံးခဲ့ရာ ဒေါ်အေးမူလည်း အသက် ၆၀ကျော် ၇၀ နီးနီး အရွယ်သို့ ရောက်လာခဲ့သည်။ ခင်ပွန်းဖြစ်သူ ကိုသောင်းသည် အသက် ၅၈နှစ် အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီး ဒေါ်အေးမူတစ်ယောက်သာ သားသမီးတို့နှင့်အတူ ကျန်ရစ်ခဲ့၏။ သားသမီးတို့ အိမ်ထောင်အသီးသီးကျသွားသည့်အချိန်တွင်လည်း ဒေါ်အေးမူသည် သားအိမ်တွင်တစ်လှည့်၊ သမီးအိမ်တွင်တစ်လှည့် သွားရောက်နေထိုင်ခဲ့သည်။ ထိုသို့နေထိုင်ခဲ့သည်မှာ ကြာလာသည်နှင့်အမျှ ချွေးမနှင့်သမက်တို့သည် အမြင်မကြည်ဖြစ်လာခဲ့ကြသည်။ ထိုသို့ ဖြစ်လာသည့်အခါ သားသမီးတို့သည် ဒေါ်အေးမူကို အခြားနေရာပို့ရန် စီစဉ်ကြလေသည်။

"မိဝေ နင့်အမေကို အိမ်မှာ မထားချင်တော့ဘူး"

"ဟုတ်တယ် ကိုအောင်။ ရှင့် အမေကို ကျွန်မလဲ အိမ်မှာ အလကား တင်ကျွေးမထားနိုင်တော့ဘူး"

မိဝေ နှင့်အောင်လင်းတို့၏ခင်ပွန်းနှင့် ဇနီးဖြစ်သူတို့၏ ပြောလာသော စကားများဖြစ်သည်။

"ကိုသက်လွင်ရယ် ရှင်ကလဲ အမေ့ကို ကျွန်မတို့ အိမ်မှာ မထားလို့ ဘယ်မှာထားရမှာလဲရှင်"

မိဝေ တစ်ယောက် ခင်ပွန်းဖြစ်သူကို စိတ်ရှုပ်ထွေးစွာ မေးလိုက်၏။

"ကိုအောင်လင်းတို့ ခေါ်ထားမှာပေါ့။ ငါတော့ အိမ်မှာ လူရှုပ်တွေ ခေါ်မထားနိုင်ဘူး"

"ဟင့်အင်းနော် ဥမ္မာကတော့ မခေါ်ထားနိုင်ဘူး။ ကိုအောင်လင်း ရှင်ခေါ်ထားချင်တိုင်း ခေါ်ထားရအောင် အခုနေတဲ့အိမ်က ရှင့်အိမ်မဟုတ်တာ ရှင်သိတယ်နော်"

သားမက်ဖြစ်သူသက်လွင်နှင့် ချွေးမဖြစ်သူဥမ္မာတို့သည် ဒေါ်အေးမူကို အိမ်ခေါ်ထားဖို့ရာ လုံးဝ လက်မခံကြဘဲ ငြင်းနေကြသည်။ ထိုအခါ အောင်လင်းနှင့် မိဝေတို့သည် မိခင်ကြီး၏ နေထိုင်ရေးအတွက် တိုင်ပင်ကြရသည်။

"ဘယ်လိုလုပ်ကြမလဲ မိဝေ။ နင့် ယောက်ျားကလဲ အမေ့ကို နင့်အိမ်မှာ လက်မခံသလို ငါ့ မိန်းမကလဲ အိမ်မှာခေါ်ထားဖို့ လက်မခံဘူး။ အဲဒီတော့ ငါတို့ ဘယ်လိုလုပ်ကြမလဲ မိဝေ"

အစ်ကိုဖြစ်သူ၏ မေးလာသည့် မေးခွန်းကြောင့် မိဝေ သက်ပြင်းကို ချရင်း–

"ဝေလဲ ဘာလုပ်ရမလဲ စဉ်းစားမရဖြစ်နေပြီ အစ်ကိုရယ်"

အောင်လင်း တစ်စုံတစ်ခုကို အလေးအနက်တွေးပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။ ထို့နောက် မိဝေကို သေချာကြည့်ပြီး–

"ငါတို့ အမေ့အပေါ် သား၊ သမီးကောင်းမပီသတာတော့ သိတယ်။ ဒါပေမဲ့ ဒီလိုမလုပ်ရင်လဲ အဆင်မပြေနိုင်ဘူး"

"ဘာလုပ်မှာလဲ အစ်ကို"

"ငါတို့ အမေ့ကို ဘိုးဘွားရိပ်သာ ပို့လိုက်ကြရအောင် မိဝေ"

"ဟင်"

အစ်ကိုဖြစ်သူ၏ စကားအဆုံးတွင် မိဝေ ငြိမ်သက်သွားခဲ့ရသည်။ သူတို့ မောင်နှမ အမေ့ကို တစ်လှည့်စီ စောင့်ရှောက်ပါမည်ဟု ကတိတွေပေးခဲ့ကြပြီး မိခင်ဖြစ်သူကို ဘိုးဘွားရိပ်သာ ပို့ရမည်ဟု ဆုံးဖြတ်ချက်ချလိုက်ကြသည့်အချိန်တွင် မိဝေနှင့်အောင်လင်းတို့မောင်နှမအတွက် အလွန်ခက်ခဲနေခဲ့ကြသည်။ သို့သော် မပို့၍လည်း မဖြစ်ကြသဖြင့် နောက်ဆုံးအထိ အဖြေက ဘိုးဘွားရိပ်သာ ပို့ကြရန်သာ ဖြစ်သည်။

(၆)

"အမေ သားတို့ကို ခွင့်လွှတ်ပါနော်"

"အမေ သမီးတို့ကို ခွင့်လွှတ်ပါနော်"

မိဝေနှင့် အောင်လင်းတို့နှစ်ဦး မိခင်ကြီးကို ရှိခိုးတောင်းပန်ကြသည်။ ဒေါ်အေးမူတစ်ယောက် သား၊ သမီးတို့ကို ခွင့်လွှတ်အပြုံးတို့ဖြင့် ကြည့်ပြီး–

"အမေ ခွင့်လွှတ်ပါတယ် သားနဲ့ သမီးရယ်။ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ကြပါ။ အမေ့အတွက် စိတ်မပူနဲ့။ အမေ ရိပ်သာမှာ နေလို့ အဆင်ပြေပါတယ်"

ဒေါ်အေးမူသိနေခဲ့သည်။ ချွေးမနှင့်သမက်သည် သူ့ကို မကြည်ဖြူပေ။ ထို့ကြောင့် သားနှင့်သမီးကို

စာမျက်နှာ ၂၅ သို့

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



ကလေးဝ ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာနေကြာ၆၇၅၃ ဧကလျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင်နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဝန်ထမ်းနှင့် နေကြာစိုက်မည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးဝမြို့နယ် နေကြာသီးနှံ စိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေသြဇာများ ချိုသာသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး စီမံထားခြင်းနှင့် ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်ပါက ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

ဇလွန် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဖေဖော်ဝါရီလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ပဲတီစိမ်းများ ဝယ်ယူမှု ကောင်းပြီး၊ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲတီစိမ်းများ ဝယ်ယူမှုကောင်းလာခြင်းသည် ဒေသထွက် ပဲတီစိမ်းများကို ရန်ကုန်ဈေးကွက်ဘက်က ဝယ်ယူမှု ကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ပဲတီစိမ်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်။ ဖေဖော်ဝါရီလ ပထမပတ်ကတည်းလောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်နေတာ ဖြစ်ပါတယ်။ ဒေသထွက် ပဲတီစိမ်းတွေကို ရန်ကုန် ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဇလွန်မြို့နယ်မှ ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။



ဇလွန်မြို့နယ်တွင် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၃၇၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲတီစိမ်းအပြင် မတ်ပဲ၊ ပဲစင်းငုံ၊ပဲထောပတ်၊ ပဲလွန်းဖြူစသည့် ရာသီထွက်ကုန်များကို တင်ပို့ရောင်းချနေကြောင်း ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းထံမှ သိရသည်။

ကျော်ကျော်လင်း

➤ စာမျက်နှာ ၂၄ မှအဆက်

လည်း အနေမခက်စေချင်သောကြောင့် ဘိုးဘွားရိပ်သာမှာ နေထိုင်ရန်ပြောလာသည့်အချိန်တွင် ခေါင်းညိတ်လက်ခံခဲ့ခြင်းဖြစ်သည်။ သားနှင့်သမီးကပင် သူ့ကို ဘိုးဘွားရိပ်သာသို့ လိုက်ပို့ကြသည်။ သူသည် ဘိုးဘွားရိပ်သာရောက်သည်ထိ တိတ်ဆိတ်နေခဲ့ပြီး ဘိုးဘွားရိပ်သာအရှေ့မတ်တတ်ရပ်လိုက် မိသည့်အချိန်တွင် အတိတ်မှပုံရိပ်တို့သည် အနှေးကွက် ပြသကဲ့သို့ အစီအရီ ပြန်ပေါ်လာခဲ့သည်။ တစ်ချိန်က သည်နေရာ၊ သည်အရပ်မှာပင် မိခင်ကြီးကိုထားခဲ့ပြီး သူ ကျောခိုင်းထွက်ခွာခဲ့ဖူးသည်။ ကံတရားက အလွန်မှဆန်းကြယ်စွာ သားသမီးတို့၏ စွန့်ပစ်ခြင်းနှင့် အတူ သူ့ကို ကောင်းကောင်းဒဏ်ပြန်ခတ်ခဲ့ပြီဖြစ်သည်။ "ပြုသူအသစ် ဖြစ်သူ အဟောင်း" ဆိုသည့် စကားအတိုင်း အတိတ်က မိခင်အပေါ်တင်ရှိခဲ့သည့် ဝဋ်ကြွေးကိုသူကောင်းစွာပြန်ဆပ်ခဲ့ရပြီဖြစ်သည်။

(၇)

"နားခိုရာ ဘိုးဘွားရိပ်သာ"

ထိုဆိုင်းဘုတ်ကို ငေးကြည့်ရင်း သည်တစ်ခါ မျက်ရည်ကျရသူက ဒေါ်အေးမူဖြစ်သည်။ လွန်ခဲ့သည့် အနှစ် ၂၀ ကျော်အချိန်ကလည်း သည်နေရာမှာ မိခင်ကြီးကို သူထားရစ်ခဲ့ဖူးသည်။ ယခုတော့ သူ့အလှည့် ဖြစ်လာခဲ့သည်။ သူသည် မိခင်ကြီးကို ရက်စက်စွာ ဥပေက္ခာပြု ထားရစ်ခဲ့သည်။ သို့သော် သားနှင့်သမီးတို့သည် သူ့ကိုဝတ်ပြုရှိခိုးပြီးမှ ကျောခိုင်းသွားခဲ့ကြရှာသည်။ ဤသည်က တန်ပြန်ဝဋ်လည်ခြင်းလားဟု တွေးမိသည့်အခါ သူ့ရင်ထဲ ဆို့နင့်လာခဲ့သည်။ ဝဋ် ဆိုသည်မှာ နောင်ဘဝမကူးပါလားဟု တွေးမိသည့်အခါ နောင်တမျက်ရည်တို့သည် မဖိတ်ခေါ်ဘဲ ကျလာရသည်။ သားသမီး မြေးမြစ်တို့၏ သံယောဇဉ်တွယ်နှောင်စရာ များစွာရှိခဲ့သော်လည်း "သင်ပြုသည့်ကံ ပဲ့တင်သံ သင့်ထံပြန်လာမည်"ဟူသည့် ဆိုစကားအတိုင်း သူသည် ယခုတော့ မိခင်ကြီး၏ ဝဋ်ကို တစ်ဖန်ပြန်လည်ကာ ကျန်ရှိနေသော ဘဝသက်တမ်းကို အထီးကျန်စွာ ဖြတ်သန်းရပေဦးမည် ဖြစ်ပါတော့သည်။

## ဆောင်းနှင်းကြွင်းကျန် နွေလက်ပံ

- ဆောင်းရာသီ ထွက်ကာစ
ဂိမှာန်လ နွေရာသီ၊
ဥဩငှက် တွန်သံကြား
တေးသွားပန်းချီ၊
နှင်းပုလဲတို့ နှုတ်ဆက်ပြီ
ဆုတ်ခွာချိ ဟိုအဝေး၊
ဆောင်းဟေမန် ရင်ခွင်နန်း
လွမ်းရပေါ့လေး။

- ပန်းသဇင်တို့ ဖူးပွင့်ကြ
ဂုဏ်မြင့်လှ နန်းတော်ဝင်၊
ဆောင်းအကုန် နွေအကူး
ထူးခြားပေါ့ခင်၊
သင်းပျံ့ပျံ့ ရနံ့သွင်
မွှေးမြစဉ် စိတ်ခံစား၊
နေ့ပူညချမ်း နွေလဆန်းမို့
အေးချမ်းစေသား။

- ရွက်ဝါကြွေ ရိုးတံခြောက်
နွေရောက်ပေါ့ သည်ချိန်ခါ၊
ပင်လက်ပံ နီစွေးစွေး
လွေးရတော့မှာ၊
တမာ ထနောင်း မန်ကျည်းဖြာ
ခူးဆွတ်ကာ ဟင်းလုပ်ကျွေး၊
အညာဒေသ အညာအလှကို
ပြကြစို့လေး။ ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

# ကြို့ပင်ကောက်မြို့နယ် တောင်ရိုးကွင်း(အနောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ထုတ်ချေး

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ရိုးကွင်း(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအခြား မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစု စားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ရိုးကွင်း(အနောက်) ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဉ္စမအကြိမ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦး၊မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊အသင်းသူ ဦးရေ၈၀ အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၃၉၁သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

သန်းလွင်(မကွေး)

# အခြွေအရံပေါများကြောင်း အကြောင်းတရားလေးပါး

**ဘုန်းသန့်စင်**

**အခြွေအရံပေါများခြင်း**

လူသားတို့မလွန်ဆန်နိုင်ဘဲ အသက်ရှင်သန်စဉ် ကာလအတွင်း ရင်ဆိုင်ကြုံတွေ့ကာ ဖြေရှင်းနေကြရသည့်အရာများတွင် လောကဓံတရားရှစ်ပါးက တစ်ခုအပါအဝင်ပင်ဖြစ်သည်။ လောကဓံတရားဆိုသည်မှာ လောကလူသားများကြုံတွေ့ရသည့် အကောင်းအဆိုးတရားများဖြစ်ပြီး အကောင်းလောကဓံတရားလေးပါးနှင့် အဆိုးလောကဓံတရားလေးပါးဟူ၍ရှိသည်။ "လာဘ – လာဘ်ပေါများခြင်း၊ ပစ္စည်းဥစ္စာပေါများစွာရရှိခြင်း၊ ယသ – အခြွေအရံ၊ အခြံအရံပေါများခြင်း၊ ပသံသာ – ချီးမွမ်းခံရခြင်း၊ သုခ – ချမ်းသာခြင်း" စသည့်အကောင်းလောကဓံတရားလေးပါးနှင့် ကြုံတွေ့ရသည့်အချိန်တွင် ပျော်ရွှင်ကြည်နူး၍ လောကကြီးအပေါ်အကောင်းမြင်တတ်ကြသည်။ ဆန့်ကျင်ဘက် အဆိုးလောကဓံတရားလေးပါးဖြစ်သည့် "အလာဘ – လာဘ် နည်းပါးခြင်း၊ ပစ္စည်းဥစ္စာမရရှိခြင်း၊ အယသ – အခြွေအရံ၊ အခြံအရံ နည်းပါးခြင်း၊ နိန္ဒ – ကဲ့ရဲ့ခံရခြင်း၊ ဒုက္ခ – ဆင်းရဲခြင်း" စသည်တို့ကို ရင်ဆိုင်ကြုံတွေ့ရချိန်တွင် စိတ်ပျက်အားလျော့ကာ ဘဝကိုလက်လျှော့လိုက်ပစ်ချင်သည့်စိတ်များဝင်လာတတ်သည်။

လောကဓံတရားများကို မတုန်မလှုပ်၊ မကြောက်မရွံ့ဘဲ စိတ်ခွန်အားအပြည့်ဖြင့် ရင်ဆိုင်နိုင်သူများသည် ဘဝအောင်မြင်မှုကို လွယ်လင့်တကူရယူနိုင်ကြသည်။ မြတ်စွာဘုရားရှင်က လောကဓံတရားရှစ်ပါးနှင့် ရင်ဆိုင်ရသည့်အခါ စိတ်ကို မတုန်မလှုပ်နေနိုင်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟု ဟောကြားခဲ့ခြင်းဖြစ်သည်။ ပုထုဇဉ်လူသားပီပီ ကောင်းသည့် အရာများကိုသာလိုချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ အကောင်း၊အဆိုးဒွန်တွဲနေသည့် လောကသဘာဝအရလည်း ကောင်းသည့်ဖြစ်ရပ်များ အစဉ်ထာဝရ မိမိထံသို့ ရောက်ရှိလာစေရေးကလည်း မလွယ်ကူပေ။ ဖြစ်လာသမျှအရာတိုင်းကို ကောင်းသည့် စိတ်ဓာတ်အရင်းခံဖြင့် ကြိုးစားရုန်းကန်ခြင်းဖြင့် ဖြတ်ကျော်သွားရမည်သာဖြစ်သည်။ လောကဓံတရားဆိုသည်မှာ ဘဝစာမေးပွဲအတွင်းက ဖြေရှင်းရန်ခက်ခဲသည့်ပုစ္ဆာများသာဖြစ်သဖြင့် နည်းလမ်းရှာဖြေရှင်းကြဖို့ တိုက်တွန်းလိုသည်။

**အခြွေအရံဆိုသည်မှာ**

မည်မျှခက်ခဲသည့်ပုစ္ဆာဖြစ်စေကာမူ နည်းလမ်းရှာကြိုးစားဖြေရှင်းသူတိုင်းအတွက် တိကျသေချာသည့် အဖြေကရှိနေပြီးသားဖြစ်သည်။ အဆိုးလောကဓံများကို ကြုံတွေ့ရချိန်တွင် ထိုအခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်သည့်နည်းလမ်းများကလည်း ရှိနေပြီးဖြစ်သည်။ လာဘ်နည်းပါးခြင်း၊ ပစ္စည်းဥစ္စာရရှိမှုနည်းပါးခြင်းတို့ကို ကြုံတွေ့ရပါက လာဘ်လာဘပေါကြွယ်ဝအောင် ပစ္စည်းဥစ္စာပေါများအောင်၊ အခြွေအရံနည်းပါးပါက အခြွေအရံပေါများအောင်၊ ကဲ့ရဲ့ခံနေရပါက လူမှုပတ်ဝန်းကျင်တစ်ခုလုံးက ချီးမွမ်းထောမနာပြုခြင်းခံရသူဖြစ်အောင်၊ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံး ဆင်းရဲမှုခံစားနေရပါက "စိတ္တသုခ၊ ကာယသုခ၊ ဉာဏသုခ" ဆိုသည့် စိတ်ရောကိုယ်ပါချမ်းသာခြင်းကို ရယူခံစားနိုင်ရေး ကြိုးစားနိုင်သည့် နည်းလမ်းကောင်းများရှိသည်။ ထိုနည်းလမ်းများစွာအနက် အခြွေအရံပေါများခြင်းကိုရယူခံစားနိုင်မည့် နည်းလမ်းများကို ဖော်ပြလိုက်ပါသည်။

"အခြွေအရံ" ဆိုသည်မှာ မိမိအနီးအပါးတွင် မိမိကိုပြုစုစောင့်ရှောက်သူများ၊ မိမိ၏ဦးဆောင်မှုနောက်တွင် လိုက်ပါသူများကိုဆိုလိုခြင်းဖြစ်သည်။ ကိုယ်တိုင်က အရည်အချင်းပြည့်ဝပြီး မှန်ကန်တည့်မတ်စွာ ကြိုးစားကြသူများနောက်တွင် နောက်လိုက်နောက်ပါ အခြွေအရံများ များစွာရှိနေမည်ဖြစ်သည်။ ကိုယ်တိုင်ကအတ္တစိတ်များပြီး ကိုယ့်အတွက်သာ ကြည့်တတ်သည့်သူတစ်ဦးဖြစ်နေပါက အပေါင်းအသင်းမိတ်ဆွေရှားပါးလာမည်ဖြစ်သကဲ့သို့ မိမိ၏နောက်တွင်လည်း လိုက်ပါဆောင်ရွက်မည့်သူမရှိဖြစ်လာမည်သာဖြစ်သည်။ သို့ဖြစ်ရာ ကိုယ်တိုင် အခြွေအရံပေါများခြင်းနှင့် ပြည့်စုံနိုင်စေရန် မှန်ကန်တည့်မတ်စွာ ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

**သင်္ဂဟတရားလေးပါး ထာဝရလက်ကိုင်ထား**

လူတိုင်းသည် ချီးမွမ်းထောမနာပြုမှုခြင်းနှင့် နှုတ်၏စောင်မခြင်း လက်၏စောင်မခြင်းဆိုသည့် ကြည့်ရှုစောင့်ရှောက်မှုကိုလည်း ခံယူလိုတတ်ကြသည်။ အခြွေအရံပေါများလိုသူများအနေဖြင့် မိမိကျင်လည်ရာပတ်ဝန်းကျင်ကို တတ်နိုင်သမျှ ကြည့်ရှုစောင့်ရှောက်တတ်သော မိမိ၏လက်အောက်ငယ်သားများကို လိုအပ်သည့်အချိန်တွင် မှန်ကန်သည့် နည်းလမ်းဖြင့် ချီးမြှင့်မြှောက်စားတတ်သည့် "သင်္ဂဟတရား"များထားရှိတတ်ရန်လိုသည်။ သင်္ဂဟတရားဆိုသည်မှာမိမိ၏ လက်အောက်ငယ်သားများကိုကြည့်ရှုစောင့်ရှောက်၍ အခြွေအရံပေါများအောင်ဆောင်ကြဉ်းနိုင်သည့် တရားပင်ဖြစ်သည်။ "ဒါန – ပေးကမ်းခြင်း၊ ပေယျဝဇ္ဇ – ချစ်ဖွယ်စကား ဆိုတတ်ခြင်း၊ အတ္တစရိယ – အကျိုးကိုဆောင်ခြင်း၊ သမာနတ္တတာ – မိမိနှင့် တန်းတူဆက်ဆံခြင်း" ဆိုသည့်လောကလူ့ရွာတွင်အခြွေအရံပေါများအောင် စည်းရုံးသိမ်းသွင်းနိုင်သည့် အကြောင်းတရားလေးပါးရှိသည်။

**ပေးကမ်းခြင်းသည် မင်္ဂလာ**

မိမိ၏ လက်အောက်ငယ်သားများအပေါ်တွင် ခွဲခြားဆက်ဆံမှုမရှိ၊ မျက်နှာလိုက်မှုမရှိဘဲ အရည်အချင်းရှိသူကို အရည်အချင်းရှိသည့်အလျောက် ထိုက်တန်သည့် နေရာ၊ ရာထူး၊ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းသည် ပေးကမ်းချီးမြှင့်ခြင်းသာဖြစ်သည်။ မိမိလုပ်ကိုင်နေရသည့် အလုပ်၏သဘောသဘာဝအရ မိမိ၏လက်အောက်ငယ်သားများသို့ ငွေကြေး၊ပစ္စည်း ပံ့ပိုးပေးနိုင်ခြင်းမရှိပါက "ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး" စသည့်အရေးအခင်းတို့တွင် တတ်နိုင်သလောက် ကြည့်ရှုစောင့်ရှောက်ပေးခြင်း၊ လိုအပ်သည့်အချိန်များတွင် စိတ်ခွန်အားဖြစ်စေမည့်စကားများဖြင့် နှစ်သိမ့်အားပေးတတ်ခြင်း၊ အကြံဉာဏ်ကောင်းများပေးခြင်း စသည်တို့သည်လည်း မိမိအပေါ် လက်အောက်ငယ်သားများ မေတ္တာသက်ဝင်ချစ်ခင်လာပြီး မိမိ၏ နောက်တွင် ထာဝရတည်ရှိနေစေမည့် အပြုအမူများပင်ဖြစ်သည်။ ပေးကမ်းခြင်းသည် မင်္ဂလာမည်၏ဆိုသည်နှင့်အညီ လက်အောက်ငယ်သားများအတွက် လိုအပ်သည်များကို တတ်နိုင်သမျှ ပေးကမ်းချီးမြှင့်ရမည်သာဖြစ်သည်။

**ချိုသာသော စကား**

ငယ်ငယ်ကသင်ယူခဲ့ဖူးသော "တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ ပျားသကာသို့ ချိုလှစေ"ဆိုသည့် အဆုံးအမကဗျာသည် လူငယ်များအတွက် ငယ်ရွယ်စဉ်အချိန်မှသည် ခေါင်းဆောင်အရွယ်ဖြစ်သည်အချိန်ထိ ယူဆောင်သွားရမည့် အဆုံးအမပင်ဖြစ်သည်။ လူတိုင်းသည် ပျားသကာကဲ့သို့ ချိုသာသောစကားများကိုသာ ကြားလိုကြသဖြင့် မိမိ၏လက်အောက်ငယ်သားများနှင့် ပြောဆိုဆက်ဆံရာတွင် ရှုံ့ရင်းကြမ်းတမ်းသော၊ အထက်စီးဆန်သော၊ မောက်မာသောအသုံးအနှုန်းများ မသုံးမိဖို့လိုသည်။ ဒေါသထွက်လွယ်၍ အဆဲမပါလျှင် မခိုင်းတတ်သောသူများလက်တွင် စိတ်ပျော်ရွှင်စွာ အလုပ်လုပ်နိုင်သည့် နောက်လိုက်များမရှိနိုင်သဖြင့် ကိုယ်တိုင် ချိုသာယဉ်ကျေးသောအပြုအမူ အပြောအဆိုများကို လက်ကိုင်ထားခြင်းဖြင့် အခြွေအရံပေါများနိုင်ရေး ကြိုးစားသင့်ပေသည်။

> ❖ သင်္ဂဟတရားဆိုသည်မှာ မိမိ၏ လက်အောက်ငယ်သားများကို ကြည့်ရှုစောင့်ရှောက်၍ အခြွေအရံပေါများအောင်ဆောင်ကြဉ်းနိုင်သည့် တရားပင်ဖြစ်သည်။ "ဒါန - ပေးကမ်းခြင်း၊ ပေယျဝဇ္ဇ - ချစ်ဖွယ်စကား ဆိုတတ်ခြင်း၊ အတ္တစရိယ- အကျိုးကိုဆောင်ခြင်း၊ သမာနတ္တတာ - မိမိနှင့်တန်းတူဆက်ဆံခြင်း"ဆိုသည့် လောကလူ့ရွာတွင် အခြွေအရံပေါများအောင် စည်းရုံးသိမ်းသွင်းနိုင်သည့် အကြောင်းတရားလေးပါးရှိသည်။❖

**အတ္တစိတ်ကိုလျှော့ပါ**

မိမိအတွက်ဆိုသည့် အတ္တစိတ်သည် ကိုယ်ချင်းစာတရားများကိုလျော့ပါးစေသည့် နတ်ဆိုးတစ်ပါးပင်ဖြစ်သဖြင့် ခေါင်းဆောင်ကောင်းဖြစ်လိုသည့် လူငယ်များအနေဖြင့် အတ္တစိတ်များကို တတ်နိုင်သမျှလျှော့ချ၍ အများအကျိုးကိုဆောင်ရွက်လိုစိတ်များ မွေးမြူကြဖို့လိုသည်။ သို့မှသာ ခေါင်းဆောင်ဘဝရောက်ကြသည့်အခါတွင် မိမိလက်အောက်ငယ်သားများ၏ အကျိုးကို ကြည့်တတ်သူများဖြစ်လာပြီး လက်အောက်ငယ်သားများ၏ ချစ်ခင်နှစ်သက်မှု၊ လေးစားယုံကြည်မှုတို့ကို ရယူနိုင်မည်ဖြစ်သည်။ မိမိအကျိုးကိုသာကြည့်တတ်သူ၏ နောက်တွင် အချိန်နှင့်လုပ်အားတို့ကိုရင်း၍ မည်သူကမျှ လိုက်ပါဆောင်ရွက်ပေးမည်မဟုတ်သဖြင့် အခြွေအရံပေါများလိုသူများအနေဖြင့် လက်အောက်ငယ်သားများ၏အကျိုးကို အစဉ်သယ်ပိုးနိုင်ရေး ကြိုးစားရမည်ဖြစ်သည်။

**တန်းတူဆက်ဆံပါ**

လူဆိုသည်မှာ ရာထူးဂုဏ်ထူးရှိခြင်းနှင့် လုပ်ပိုင်ခွင့်ရှိခြင်းတို့အပေါ်တွင် မာန်မာနထောင်လွှားမိသည့်အခါတွင် မိမိ၏လက်အောက်ငယ်သားများသည် မိမိလောက် ပညာအရည်အချင်း၊ လုပ်ရည်ကိုင်ရည်၊ စွမ်းဆောင်နိုင်မှု စသည်တို့မရှိဟုဆိုပြီး ခွဲခြားဆက်ဆံမှု၊ မောက်မာမှုများရှိလာတတ်သည်။ မိမိ၏လက်အောက်ငယ်သားများကို မတူသလိုမတန်သလို ဆက်ဆံလိုက်မိသည့်အချိန်တွင် ထိုသူများသည် မိမိထံပါးမှ လျှင်မြန်စွာထွက်ခွာသွားမည်ဖြစ်သည်။ အခြွေအရံပေါများလိုသူများ အဓိကထားကြိုးစားရမည်မှာ ခွဲခြားဆက်ဆံခြင်းကင်းပြီး မိမိ၏လက်အောက်ငယ်သားများကို မိသားစုအသွင် ဆက်ဆံတတ်ဖို့သာဖြစ်သည်။

အခြွေအရံပေါများခြင်း အကြောင်းတရားလေးပါးကို အချိန်ကိုက်မှန်ကန်စွာ အသုံးပြုတတ်သူများသည် အခြွေအရံပေါများခြင်းဆုလာဘ်ကို ထာဝရပြည့်စုံစွာရရှိတတ်သည်ဟု မြတ်စွာဘုရားရှင်ကဟောကြားခဲ့သည်။ သို့ပါ၍ အနာဂတ်လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ဦးဆောင်ဦးရွက် ပြုကြရမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အတ္တနှင့် လောဘစိတ်များကို တတ်နိုင်သမျှဖယ်ရှားကာ သင်္ဂဟတရားလေးပါးကို လက်ကိုင်ထားကြခြင်းဖြင့် အခြွေအရံပေါများသူများဖြစ်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန်တိုက်တွန်းအပ်ပါသည်။

# အင်းတော်မြို့နယ်တွင် နှမ်း ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၃ ဒသမ ၇၄ တင်း ထွက်ရှိ

**အင်းတော် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် နှမ်း ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၇၄ တင်းထွက်ရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၇၄ တင်း ထွက်ရှိ ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ နှမ်း ၁၁၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်ပိုမိုတိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီ ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်ထံမှ သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ် ကညင်ငူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ရေကြည် ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်ငူကျေးရွာအုပ်စု ကညင်ငူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကညင်ငူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၂၅ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၅ ဒသမ ၆၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးသို့ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ငရုတ်သီးစိမ်း ပိဿာချိန် ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၉၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

" ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်း ပိဿာချိန် ၇၃၀၀၀ကို ဇန်နဝါရီလထဲမှာ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က ထွက်တဲ့ အခုနှစ် ဒေသထွက် ငရုတ်သီးတွေက အရည်အသွေး ကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေး ကောင်းတော့ အမှာကုန်များပြီး တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်'' ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောင်းလင်းကျေးရွာအုပ်စု ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါဖောင်းလင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

# ပုဗ္ဗသီရိမြို့နယ် ရွာတော်မြောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ရွာတော်ကျေးရွာအုပ်စု၊ ရွာတော်မြောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကိုကိုနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရွာတော်မြောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွာတော်မြောက်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၄၇ ဒသမ ၉၅၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် မေ ၁၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုထံမှ သိရသည်။

**နေဝ်လူး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ခါနွေသမယ တပေါင်းလ

## ညွန့်ဝင်း(နတ်တလင်း)

တပေါင်းလသည် မြန်မာဆယ့်နှစ်လအနက် နောက်ဆုံးလ (ဆယ့်နှစ်လမြောက်လ)ဖြစ်ပါသည်။ နွေကာလရောက်စဖြစ်၍ ရွှေဝါရောင် ရော်ရွက်ဝါကလေးများ လေတွင်ဝေ့ဝဲပြီး မြေပြင်သို့ သက်ဆင်းကြွေကျကာ ဂိမှာန်သဘင်ကိုဆင်နွှဲကြသည့် အချိန်အခါဖြစ်သည်။ သည်အခါရောက်ပြီဆိုလျှင်ဥဩငှက်ကလေးများ၏ အသံကလေးများကိုလည်း ကြားနေရသည်။ ရှေးစာဆိုတို့က "သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ မြတစ်ဝက်ဖြင့်"ဟု နွေသရုပ်ကို စာပန်းချီခြယ်ကာ ဖွဲ့ဆိုခဲ့ကြသည်။ နှင်းကြွင်းလက်ကျန်ကလေး အချို့ကလည်း မှုန်မှိုင်းဝေသီစွာရှိနေကြသေးသည်။ ကြည့်ရှု၍တစ်မျိုးလှသော သာယာမှုအပေါင်းနှင့်ပြည့်စုံသည့် တပေါင်းလဟုပင် ဆိုနိုင်ပေသည်။

တပေါင်းလနှင့်ပတ်သက်သည့် မှတ်သားစရာများကား များစွာရှိနေသည်။ ရှေးယခင်က ဗုဒ္ဓဘုရားရှင်သည် တပေါင်းလအခါသမယတွင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တောလမ်းခရီးကြွမြန်းတော်မူခဲ့သည်။ ကာဠုဒါယီမထေရ်မြတ် လျှောက်ထားမှုကြောင့်ကျေးဇူးရှင်ဖခင် သုဒ္ဓေါဒနမင်းကြီးနှင့်ဆွေတော်မျိုးတော်များကို တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးရန်ကြွချီခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် တပေါင်းလ၏ရာသီဥတုအခြေအနေနှင့် တောတောင်ရေမြေတို့သည် အလွန်သာယာလှပနေသည်။ တောလမ်းခရီးမှကြွချီလာသော မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့လည်း ရာသီအလှကိုရှုစားပြီး စိတ်ဘဝင်ချမ်းမြေ့ကြည်နူးကြရသည်။ မြတ်စွာဘုရား၏ဖွားဖက်တော် ကာဠုဒါယီမထေရ်မြတ်က သာယာလှပသော တောတောင်ရေမြေအခြေအနေကို "တောင်လည်းသာမော၊ တောလည်းသာညောင်း၊ ချောင်းလည်းခွေရစ်၊ မြစ်လည်းသာကြည်၊ ဘယ်ဆီရော်ရမ်း"ဟူ၍ သာယာကြည်နူးဖွယ်ဖြစ်ကြောင်း မြတ်စွာဘုရားထံလျှောက်တင်ခဲ့သည်။ မြတ်စွာဘုရား၏ဖွားဖက်တော် ကာဠုဒါယီမထေရ်မြတ်က တပေါင်းလ၏ သာယာကြည်နူးဖွယ်ကောင်းပုံကို ဂါထာပေါင်း ၆၄ ဖြင့် မြတ်စွာဘုရားကိုဖွင့်ဆိုလျှောက်ထားခဲ့သည်။ နောက်ပိုင်းမှာ မှတ်သားရလွယ်ကူအောင် မြတ်စွာဘုရားထံ လျှောက်ထားခဲ့သော ၆၄ ဂါထာကို ဂါထာခြောက်ဆယ်ဟု ခေါ်ဝေါ်ခဲ့ကြသည်။

ကာဠုဒါယီမထေရ်မြတ် လျှောက်ထားခဲ့သော ဂါထာများကို နောက်ပိုင်းတွင် ရှင်အုန်းညိုက ဂါထာခြောက်ဆယ်ပျို့အဖြစ် ရေးသားခဲ့သည်။ ဂါထာခြောက်ဆယ်ပျို့တွင်ရှင်အုန်းညိုက "ရတုကောင်းစွာ၊ ဤအခါကား၊ သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား၊ တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကျူး၊ မင်းလွင်မြူးသား၊ နွေဦးသရစ်၊ အခါဖြစ်၍"ဟု ဆောင်းအကုန်နွေအကူး နွေရာသီဦး၏သဘာဝအလှသရုပ်ကို ဖော်ကျူးရေးဖွဲ့ခဲ့သည်။ တပေါင်းလကို ဦးပုညက "ဖူးတစီထွေဆန်း လို့ အင်ကြင်းပန်းရွှေဖီ၊ သဲစေတီတည်စမြဲပေပေ၊ သဘင်ပွဲသည်လရာသီ"ဟု သီကုံးပြန်သည်။ တပေါင်းလသည် သာယာမှုအပေါင်းနှင့်ပြည့်စုံပြီး တပေါင်းသာခေါင် လများနောင်ဟု တင်စားခေါ်ဝေါ်ကြသည်။ တပေါင်းလသည် လအားလုံး၏ နောင်တော်ဟုဆိုရလောက်အောင် သာယာမှုများ ထိပ်ခေါင်ရောက်နေသောလဟုဆိုလိုခြင်းဖြစ်ပေသည်။

**❖တပေါင်းလသည် သာယာမှုအပေါင်း ခညောင်းသောလဖြစ်သည့်အပြင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများ လက်ကိုင်ထားသည့် မြန်မာတို့အတွက် သဒ္ဓါကြည်ညိုစိတ်များယိုဖိတ်ပွားများသောလဟုဆိုနိုင်သည်။ တပေါင်းလ၏ နေရောင်အောက်တွင် ငွေရောင်တောက်ပနေသော ဖြူလွလွသဲသောင်ပေါ်၌ သဲပုံစေတီများ တည်ထားကုသိုလ်ပြုကြသည်။ သဲပုံစေတီတည်သောဓလေ့သည် ယခုမှပေါ်ပေါက်လာသောကောင်းမှုဓလေ့မဟုတ်။ လွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလကပင် ထိုကောင်းမှုဓလေ့ရှိခဲ့သည်ဟု စာပေများတွင်ဖတ်မှတ်ရသည်။ ❖**

တပေါင်းလသည် သာယာမှုအပေါင်း ခညောင်းသောလဖြစ်သည့်အပြင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများ လက်ကိုင်ထားသည့် မြန်မာတို့အတွက် သဒ္ဓါကြည်ညိုစိတ်များ ယိုဖိတ်ပွားများသောလဟုဆိုနိုင်သည်။ တပေါင်းလ၏နေရောင်အောက်တွင် ငွေရောင်တောက်ပနေသောဖြူလွလွသဲသောင်ပေါ်၌ သဲပုံစေတီများ တည်ထားကုသိုလ်ပြုကြသည်။ သဲပုံစေတီတည်သောဓလေ့သည် ယခုမှပေါ်ပေါက် လာသောကောင်းမှုဓလေ့မဟုတ်။ လွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလကပင် ထိုကောင်းမှုဓလေ့ရှိခဲ့သည်ဟု စာပေများတွင် ဖတ်မှတ်ရသည်။ ဒေဝအမည်ရှိသော ရသေ့တစ်ပါးသည် ဟိမဝန္တာတောတွင် နတ်များဖန်ဆင်းပေးသော ကျောင်းသင်္ခမ်းတွင်နေထိုင်ပြီး သဲပုံစေတီတည်ကာ ပန်းအမျိုးမျိုးပူဇော်ခဲ့သည်ဟု သိမှတ်ခဲ့ရသည်။ သဲပုံစေတီတွင် မြတ်စွာဘုရား၏ဂုဏ်တော်များကို အာရုံပြုပြီး သန့်စင်ကာသဲပုံစေတီတည်ထားကိုးကွယ်ခြင်းကို ပြုလုပ်ခဲ့ကြသည်ဟု မြန်မာ့ရိုးရာရာသီပွဲတော်ကျမ်းများတွင် ရေးသားဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် သဲပုံစေတီတည်သောဓလေ့ကို ပုဂံခေတ်မှစတင်ခဲ့သည်ဟုမှတ်သားရသည်။ ပုဂံခေတ်က အနော်ရထာမင်းကြီးသည် ပုဂံမြို့အနီး ဧရာဝတီမြစ်ကမ်းသဲသောင်ခုံအနီးတွင် စေတီတော်တစ်ဆူတည်ပြီး စွယ်တော်မြတ်ကိုထည့်သွင်းဌာပနာခဲ့သည်။ ထိုစေတီတော်ကို ရွှေစည်းခုံစေတီဟုအမည်သမုတ်ခဲ့ရာ ပုဂံတွင် ယနေ့တိုင်အထင်အရှားဖူးတွေ့နိုင်သည်။

တပေါင်းလသည် ရာသီဥတုသာယာချိန်ဖြစ်၍ ဗုဒ္ဓဘာသာမြန်မာတို့သည် အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပသောလဖြစ်သည်။ တောင်သူလယ်သမားများလည်း လယ်ယာလုပ်ငန်းသိမ်းကြသောလဖြစ်သည်။ လယ်ယာလုပ်ငန်းမှရသော ငွေစကလေးများ စုဆောင်း၍ အလှူပွဲများ ကျင်းပကြသည်။ ထို့ကြောင့် ဗျော်သံ၊ စည်သံ တခြိမ့်ခြိမ့်နှင့် ရှင်ပြုပွဲ၊ ပဒ္ဓင်းခံပွဲ၊ ဘုရားပွဲတော်များ စဉ်ဆက်မပြတ်ကျင်းပလှူဒါန်းကြသည်။

တပေါင်းလသည် ဘာသာရေးသာမက နိုင်ငံ၏ အထင်ကရနေ့များသည်လည်း တပေါင်းလတွင်ပင် ကျရောက်လျက်ရှိသည်။ ပြည်သူများအတွက် သမိုင်းအစဉ်အလာကြီးမားသော ဂုဏ်ယူဖွယ်နေ့ထူးနေ့မြတ်ဖြစ်သည့် တပ်မတော်နေ့သည် တပေါင်းလထဲတွင် ကျရောက်လျက်ရှိသည်။

တပေါင်းလ၏အတိတ်သမိုင်းတွင် မြန်မာတစ်မျိုးသားလုံးက ဖက်ဆစ်တို့ကို တညီတညွတ်တည်း တိုက်ထုတ်အောင်မြင်ခဲ့ကြသည်ကို အတိတ်သမိုင်းတွင် မှတ်မှတ်ထင်ထင် တွေ့ရှိရမည်ဖြစ်သည်။ နီရဲသောသစ်ရွက်၊ နီရဲသောပန်းမန်များနှင့်အတူ မြန်မာ့သတ္တိသွေး နီရဲကြောင်း ပြသခဲ့ကြသည့်အခါသမယဖြစ်ပေသည်။

ထို့ကြောင့် တပေါင်းလသည် မြန်မာတို့အတွက် အစဉ်အလာကောင်းများဖြစ်သော ဘာသာရေးအလှ၊ လူမှုရေးအလှ၊ နိုင်ငံရေးသမိုင်းအလှများနှင့် ဘက်စုံလှပနေသောလဖြစ်သည်။ ထို့ကြောင့် အစဉ်အလာကောင်းများနှင့်ပြည့်စုံသော တပေါင်းလအကြောင်းကို လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း**
- **မြန်မာ့ဆယ့်နှစ်ရာသီပွဲတော်များ (ဦးရဲဝေ)**

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၁၆၄ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၁၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၄၂၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၂၈၃၅ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၁၂၂၉ ဧက စုစုပေါင်း ၄၁၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၄၂၈၀ စိုက်ပျိုးရန်လျာထားပါတယ်။ ဒီနေ့ထိ ၄၁၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၀၄၄ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၂၃၆ ဧက စုစုပေါင်း ၄၂၈၀ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရေမြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် နေကြာစိုက်ပျိုးသည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူသို့ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် နေကြာကို အထွက်နှုန်းတိုးတက်စေရန် ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ထိန်းသိမ်းသင့်သော မြန်မာ့ရိုးရာကနုတ်ပန်းလက်ရာများ

ကိုကျော်စွာ(ကျိုက်ပိ)

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားသောနိုင်ငံ ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့နိုင်သည်။ မြန်မာလူမျိုးတို့နှင့် မြန်မာ့ယဉ်ကျေးမှုများသည် ခေတ်အဆက်ဆက်မှယနေ့ထိအတူရှိလာခဲ့သည်။ မြန်မာလူမျိုးတို့၏ယဉ်ကျေးမှုသည် ဘာသာရေးကိုအခြေခံ၍ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုဟူသည် ဘာသာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ လက်မှုအနုပညာများပါဝင်သည်။ မြန်မာ့ယဉ်ကျေးမှုအနုလက်ရာများသည် အစောပိုင်းက အိန္ဒိယအငွေ့အသက်များပါနေသည်။ သို့သော် ထိုအငွေ့အသက်များထဲမှ နောက်ပိုင်းခွဲထွက်၍ မြန်မာမှု၊ မြန်မာ့ဟန်များဖြင့် တန်ဆာဆင်လာကြသည်။

မြန်မာလူမျိုးအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ စေတီ၊ ပုထိုး၊ ဂူအမျိုးမျိုးနှင့် ဘုရားတန်ဆောင်း၊ သိမ်၊ ကျောင်းများကို ဆောက်လုပ်ကြသည်။ ရှေးခေတ်ကတည်းက ထိုအဆောက်အအုံများကို အလှအပတို့ဖြင့် တန်ဆာဆင်မွမ်းမံကြသည်။ သိမ်၊ တန်ဆောင်း၊ ကျောင်းနှင့် ဂူဘုရားအမျိုးမျိုးတည်ဆောက်ရာတွင် ဘုံအဆင့်များ၊ ပြာသာဒ်များအပြင် လှပသောပန်းခက်ပန်းနွယ် အဆင်တန်ဆာအပြောက်အမွမ်းတို့ကို ကျောင်းတွင်းကျောင်းပြင်နှင့် ဂူဘုရားနံရံများ၊ မုခ်ဦးများ၌ထုလုပ်၍အလှဆင်ခဲ့ကြသည်။ ထိုအနုပညာလက်ရာများသည် မြန်မာလူမျိုးတို့၏ယဉ်ကျေးမှုနှင့် လက်မှုအနုပညာ၏အဆင့်အတန်းမည်မျှမြင့်မားကြောင်း ဖော်ပြနေသည်။ မြန်မာနိုင်ငံတွင် လက်မှုအနုပညာရပ်များစွာရှိသည့်အနက် မြန်မာ့ကနုတ်လက်မှုအနုပညာသည် တစ်ခုအပါအဝင်ဖြစ်သည်။

**ကနုတ်၏သဘော**

ကနုတ်သည် လှပသောအဆင်တန်ဆာလက်မှုအနုပညာရပ်တစ်မျိုးဖြစ်သည်။ မြန်မာ့လက်မှုပညာလောက၌ ဗိသုကာပညာဟူ၍လည်းရှိသည်။ မြန်မာ့ဗိသုကာလောက၌ "ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ"ဟူ၍ ဝေါဟာရအသုံးအနှုန်းများရှိသည်။ ထိုလေးမျိုးအနက် ကနုတ်ဟူသည် အညွန့်အတွန့်၊ အလိမ်၊ အကွေ့အကောက်၊ အခေါက်အထပ်၊ ပွင့်ချပ်၊ ပွင့်ညှပ်၊ ပွင့်ဖက်၊ အရွက်အခက်၊ အချွန်အတက်၊ အဖူးအပွင့်၊ အခွေအလိပ်၊ အကော့အထောင် စသည်ဖြင့်အနုပညာရှင်များ၏စိတ်ကူးဖြင့်ပုံဖော်သော အနုပညာမြောက်အောင် လှပဆန်းကြယ်သော ပန်းများဖြစ်သည်။ ကနုတ်ဟူသောစကားသည် ပါဠိဘာသာ ကုမုဒမှ ကမုဒ၊ ထိုကမုဒမှ ကနုဒ၊ ကနုဒမှ ကာလရွေ့လျားလာပြီး ယနေ့ခေတ်မြန်မာ့ဝေါဟာရဖြစ်သည့် ကနုတ်ဖြစ်လာသည်။ ကုမုဒဆိုသည်မှာ "ကြာ"ကိုဆိုလိုသည်။ ထို့ကြောင့် ကနုတ်ပန်း၏စကားရင်းမှာကြာပန်းဖြစ်သည်။

ထိုမှထပ်ဆင့်ပြီး ကြာငုံ၊ ကြာဖူး၊ ကြာပွင့်၊ ကြာသီး၊ ကြာချပ်၊ ကြာဝတ်ဆံတို့ကို ကွေး၍ကော့၍လည်းကောင်း၊ ခွေ၍လိပ်၍လည်းကောင်း၊ ကောက်၍လိပ်၍လည်းကောင်း၊ ယိုင်၍ချီ၍လည်းကောင်း၊ ဆင်း၍တက်၍လည်းကောင်း၊ တွန့်၍ချွန်၍လည်းကောင်း၊ ဖြန့်၍ကား၍လည်းကောင်း နှစ်သက်ဖွယ်ဖြစ်အောင်၊ အဆန်းတကြယ်ဖြစ်အောင် ပြုလုပ်ထားခြင်းက "ကနုတ်၏သဘော"ပင်ဖြစ်သည်။

**ကဗျာထဲက ကနုတ်ပန်း**

မြန်မာဘာသာတွင် ကနုတ်ဟူသောဝေါဟာရကို မြန်မာသက္ကရာဇ် ၁၂၀၀ ကျော် သာယာဝတီမင်းလက်ထက်က အစောဆုံးတွေ့ရသည်။ ထိုမင်းလက်ထက်ကရေးထိုးခဲ့သော ဒုတိယနဝဒေး၏ ရဲတင်းမော်ကွန်းနိဂုံးပိုင်းတွင် "လောကသမုတ်၊ ကနုတ်နာရီ၊ ကပီဂဇာ၊ ဂုဏ်ပညာလည်း"ဟုရေးသားထားသည်။ သာယာဝတီမင်းလက်ထက်မှာပင် တံဆိပ်ဝန် ဦးရွှေခြည်၏ ဗိမာန်ရတနာကျောင်းတော် မော်ကွန်းပိုဒ်ရေ ၁၁ တွင် "မော်လိုက်မုတ်နှင့်၊ ဝန်းငုတ်ရစ်ရှု၊ ကနုတ်ထု၍၊ ကနုကော့လန်၊ ကြော့စဟန်မှု"ဟု ရေးသားထားသည်ကို တွေ့ရသည်။

**မြန်မာ့ကနုတ်ပန်း အမျိုးမျိုး**

ကနုတ်ပန်းသည် မြန်မာ့ပန်းဆယ်မျိုးအနုပညာများနှင့်တွဲလျက်ရှိသည်။ ဥပမာ-ပန်းပုအနုပညာမှာလည်း ကနုတ်ပန်းပါသည်။ ကျောက်ဆစ်အနုပညာမှာလည်း ကနုတ်ပန်းပါသည်။ မြန်မာ့ပန်းဆယ်မျိုးတိုင်းလိုလို ကနုတ်ပန်းပါသည်သာဖြစ်သည်။ ပန်းဆယ်မျိုးအပြောက်အမွမ်းများဆိုလျှင် ကနုတ်ပန်းဖြင့်သာတန်ဆာဆင်ကြသည်။ မြန်မာ့ကနုတ်ပန်းအနုပညာရပ်တွင် ခြူးပန်းခြူးနွယ်၊ သဇင်ခွေ၊ ယိုးဒယားပန်းခက်စသည်ဖြင့် အမျိုးမျိုးရှိသည်။

**ခြူးပန်းခြူးနွယ်** - မြန်မာဘာသာတွင်ခြူးဟူသောစကားဝေါဟာရအသုံးကို မြန်မာသက္ကရာဇ် ၈၀၀ ကျော်က အစောဆုံးတွေ့ရခြင်းဖြစ်သည်။



စစ်ကိုင်းမြို့ရှိ အရိယဝံသရုပ်စုံကျောင်းမှ ကနုတ်ပန်းလက်ရာများကို တွေ့ရစဉ်။

ရွှေဘုံနိဒါန်းမှာလည်း ခြူးပန်းခြူးနွယ်နှင့် ကနုတ်သဘောသည်အတူတူဟုဆိုသည်။ ထို့ကြောင့် မြန်မာပန်းချီဆရာကြီး ဦးဘစိန်က ကနုတ်နှင့်ခြူးပန်းခြူးနွယ်ထပ်တူအဓိပ္ပာယ်ရကြောင်း မိန့်ဆိုခဲ့သည်ဟု သိရသည်။ အခွေအလိပ်ရှိသော ပန်းချီသဘောကိုလည်း ခြူးပန်းခြူးနွယ်ဟုသက္ကရာဇ် ၁၂၀၀ လောက်ကတည်းက အစဉ်တစိုက်ခေါ်ဆိုခဲ့ကြသည်။ ခြူးပန်းခြူးနွယ်သည်လည်း အခွေအနွယ်၊ အခက်အရွက်တို့ဖြင့် ရစ်ပတ်ထွေးယှက်ဟန်ပြုလုပ်ထားသော အပြောက်အမွမ်းဖြစ်သည်။

**သဇင်ခွေ** - သဇင်ခွေသည်လည်း ခြူး၊ ကနုတ်နှင့်သဘောအတူတူပင်ဖြစ်သည်။ ထို့ကြောင့် မုံရွေးဆရာတော်က"ခြူးနှင့်သဇင်ခွေ၊ တထေဝ"ဟုဆိုထားသည်။ ဆိုလိုသည်က ခြူး၊ သဇင်ခွေနှင့်ကနုတ်သည် အတူတူဟုဆိုလိုဟန်ရှိသည်။ သဇင်ခွေကို မြန်မာအဘိဓာန်၌ "သဇင်ညွှာတံအခွေအဝိုက်သဏ္ဌာန်ကနုတ်ပန်းပုံစံ"ဟုဆိုထားသည်။ ထို့ကြောင့် ခြူးပန်းခြူးနွယ်၊ ကနုတ်ပန်းနှင့်သဇင်ခွေတို့သည် အခေါ်အဝေါ်အားဖြင့်မတူသော်ငြားလည်း အခွေအဝိုက်၊ အကွေ့အလိပ်၊ အနွယ်အခက်၊ အတွန့်အလိမ်စသည် သဘောအားဖြင့် အတူတူပင်ဖြစ်သည်။ သဇင်နွယ်ကနုတ်သည် သဇင်ပန်းခက်ကိုအခြေခံယူ၍ ရေးသားပြုလုပ်ဟန်တူသည်။ ထိုသို့ပြုလုပ်ထားသော အနွယ်အခက်ကို သဇင်ပန်း၊ သဇင်နွယ်၊ သဇင်ခွေဟုလည်းကောင်း၊ ကြာပန်းကိုအခြေခံဖြစ်ပေါ်လာသော အနွယ်အခက်ကို ကနုတ်ဟုလည်းကောင်း ခေါ်ဆိုကြောင်း သိရသည်။ သို့သော်လည်း အနွယ်အခက်၊ အလိမ်အယှက်၊ ပန်းခက်ပန်းနွယ်မှန်သမျှကို ကနုတ်ပန်းဟုပင်ခေါ်ဆိုနိုင်ကြောင်း သိရသည်။

**ယိုးဒယားပန်း** - ယနေ့ခေတ်တွင် ကနုတ်ပန်းကို ယိုးဒယားပန်းဟုအခေါ်များသည်။ ယိုးဒယားဘာသာစကားတွင် ခနတ်ဟူသောစကားရှိသည်။ ခနတ်ဟူသည် မြန်မာ့ကနုတ်ပန်းနှင့်အဓိပ္ပာယ်တူသော ပန်းနွယ်၊ ပန်းခက်၊ အတွန့်အလိမ်၊ အခွေအကောက်၊ အကော့အလန်ပါသော အပြောက်အမွမ်းပင်ဖြစ်သည်။ ထို့ကြောင့် ထုလုပ်သည့်ပုံတူသဖြင့် ယိုးဒယားပန်းခက်ဟု အလွယ်ခေါ်လိုက်ကြဟန်တူသည်။ ကနုတ်ပန်းအမျိုးမျိုးသည် ဝေါဟာရမတူသော်လည်း အဓိပ္ပာယ်တူကြသည်ကို သတိပြုသင့်သည်။

**ပုဂံခေတ် ကနုတ်အနုပညာ**

ပန်းဆယ်မျိုးတွင်တွေ့ရသော ကနုတ်ပန်းအနုပညာလက်ရာများကို ပုဂံမှာအများဆုံးတွေ့နိုင်သည်။ ပန်းတော့၊ ပန်းတမော့၊ ပန်းပု၊ ပန်းထိမ်အပါအဝင် အခြားသောပန်းအတတ်ပညာများ၌ တွေ့ရသည်။ အများအားဖြင့် ကနုတ်ပန်းများကို အပြောက်အမွမ်းအဖြစ် တန်ဆာဆင်ကြသည်။ ဘုရားနှင့်ကျောင်းများ၊ တန်စောင်းများ၊ အိမ်တော်၊ နန်းတော်အဆောက်အအုံများ၏ မုခ်ဒွယင်၊ ထောင့်ဒွယင် စသည်တို့၌လည်းကောင်း၊ လင်းနို့တောင်၊ လိပ်ပြာတောင်၊ ဂဠုန်တောင်၊ ပုစဉ်းတောင်၊ ပုစွန်တုပ်ကွေး၊ သရက်ကင်းစသည်တို့၌လည်းကောင်း၊ ဘုရားကျောင်းမျက်နှာကြက်များ၌လည်းကောင်း ကနုတ်ပန်းကို တွေ့ရတတ်သည်။ နေရာဌာနအလိုက် ကြာမှောက်၊ ကြာလန်၊ ကြာရိုး၊ ကြာစွယ်၊ ကြာဖက်၊ မန်ကျည်းရွက်ဖက်၊ သဇင်ခွေ၊ မော်ပွင့်၊ ဘီလူးပန်းဆွဲ၊ ခြူးပန်းနွယ်၊ မြင်းခွာ၊ ခရုပတ်၊ နဂါးလိမ်၊ ဘူးနွယ်၊ လှိုင်းအိ စသည်ဖြင့် ကနုတ်ပန်းများ အသုံးပြုလေ့ရှိကြသည်။

ဘီလူးပန်းဆွဲ၊ ကြာမှောက်၊ ကြာလန်စသည် ကနုတ်ပန်းများကိုမူစေတီများတွင် အသုံးပြုကြသည်။ ကနုတ်ပန်းများကိုပုဂံဘုရားများတွင် တွေ့နိုင်ပါသေးသည်။ ပုဂံမြို့ဟောင်းရှိ မနူဟာမင်းတည်ခဲ့သော နန်းဘုရား၊ နရပတိစည်သူမင်းတည်သော ကျောက်ဂူဥမင်ဘုရားတို့တွင် ပန်းတမော့ကျောက်ဆစ်ကနုတ်ပန်းလက်ရာများကို တွေ့နိုင်ပါသေးသည်။ ထို့ပြင် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ရွှေဂူကြီးဘုရားတို့တွင်လည်း တွေ့နိုင်သည်။ အပယ်ရတနာဂူပြောက်ကြီးဘုရားသုံးဆူတွင်လည်း ကနုတ်ပန်းလက်ရာများကို တွေ့နိုင်ကြောင်း သိရသည်။ ပုဂံညောင်ဦးကားလမ်းနံဘေးရှိ ဥပါလိသိမ်၏အပြင်ဘက်တွင်လည်း အုတ်အင်္ဂတေဖြင့်ပြုလုပ်ထားသော ပန်းတော့၊ ပန်းခက်ကနုတ်အနုပညာလက်ရာများကို တွေ့နိုင်သည်။

နန်းဘုရား၏နံရံတွင် ခြူးပန်း၊ ခြူးနွယ်များရှိပြီး ၎င်းတို့၏အကြားတွင် ဟင်္သာငှက်ပုံများထွင်းထုထားသည့် ကနုတ်ပန်းလက်ရာများရှိသည့်အပြင် နန်းဘုရားအတွင်းရှိ တိုင်ထောင့်များတွင် ဘီလူးပန်းကိုက်ကနုတ်ပန်းအနုလက်ရာများကိုတွေ့နိုင်သည်။ ထို့ပြင် နန်းဘုရားတိုင်မကြီးလေးခုစလုံးတွင် ထွင်းထုထားသော ဘီလူးပန်းကိုက်၊ ဘီလူးပန်းဆွဲကျောက်ဆစ်ကနုတ်ပန်းလက်ရာများကိုလည်း တွေ့နိုင်သည်။

ထီးလိုမင်းလိုဘုရား၏ အပေါ်ထပ်လိုဏ်ထောင့်တိုင်ဖုံးကို အင်္ဂတေပန်းတော့ ခြူးပန်း၊ ဘီလူးပန်းကိုက်ကနုတ်ပန်းလက်ရာများမှာ လှပကြွရွနေသည်။

ပုဂံဒေသတွင် ပုဂံခေတ်ကနုတ်ပန်းအနုပညာလက်ရာများကို ပုဂံဘုရားများတွင် ယခုတိုင်လေ့လာနိုင်သည်။ ပုဂံခေတ်၌ ကနုတ်ပန်းလက်ရာများအနက် ဘီလူးပန်းဆွဲကနုတ်ပန်းလက်ရာက ထင်ရှားသည်။ ပုဂံဘုရားများ၌ ဘီလူးပန်းဆွဲကနုတ်ပန်းများကို အများအပြားတွေ့ရပေမည်။ ပုဂံခေတ်ဘီလူးပန်းဆွဲလက်ရာနှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ ဘီလူးခေါင်းဝဲယာ၌ လက်နှစ်ဖက်ပါပြီး ကြာရိုး၊ ကြာစွယ်တို့ကိုဆွဲစားနေဟန်ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ လက်မပါသည့် ဘီလူးခေါင်း သက်သက်သာဖြစ်သည်။ ဘီလူးခံတွင်းမှ ကြာပန်းများ တွဲလဲကျနေဟန်ဖြစ်သည်။

**ဘုန်းတော်ကြီးကျောင်းနှင့်ကနုတ်ပန်း**

မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးကျောင်းအများစုတွင် ပန်းကနုတ်လက်ရာများကိုတွေ့ရသည်။ ပုဂံမြို့ဟောင်းတောင်ဘီရွာရှိ နတ်ထောင့်ကျောင်းသည် သစ်သားဖြင့်ဆောက်လုပ်ထားသော မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဖြစ်သည်။ နတ်ထောင့်ကျောင်းကို တိုင်းအလုံးပေါင်း ၁၆၀ ကျော်နှင့် မြန်မာ့ဗိသုကာထုံးစံအတိုင်းဆောင်မကြီး၊ ဘုရားဆောင်၊ ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဘောဂဆောင်အပြင် စင်္ကြံပတ်လမ်းတို့ဖြင့် တည်ဆောက်ထားသည်။ ကျောင်းကြီး၏အပေါ်ပိုင်း ဘုံးဆင့်တွင်ကနုတ်ပန်းအနုပညာလက်ရာများကိုတွေ့နိုင်သလို စင်္ကြံပတ်လမ်းပွတ်လုံးလက်ရန်းအောက်တွင်လည်း ကနုတ်ပန်းခတ်များကိုတွေ့နိုင်သည်။ ကျောင်းတွင်းတိုင်များ တွင် ကနုတ်ပန်းအနုလက်ရာ ပန်းပုလက်ရာများ ရှိသည်။ လက်ရန်းပွတ်လုံးတချို့ကို လေးထောင့်ကွက်ဖြင့် ဝန်းရံထားသည်။ ထိုလေးထောင့်ကွက်ပျဉ်ချပ်ပတ်ပတ်လည်တွင်လည်း ပန်းကနုတ်များ ထွင်းထုထားသည်။

ပန်းပုကနုတ်လက်ရာများကိုမူ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ရှေးဟောင်းသစ်သားကျောင်းတို့တွင် အများဆုံးတွေ့ရလေ့ရှိသည်။ ဥပမာ-စကုမြို့ရှိ မှန်ကင်းရုပ်စုံကျောင်း၊ စစ်ကိုင်းမြို့ရှိ အရိယဝံသရုပ်စုံကျောင်း၊ စလေမြို့ရှိ စလေရုပ်စုံကျောင်းတို့တွင် သစ်သားကနုတ်ပန်းအနုပညာလက်ရာများကို တွေ့နိုင်သည်။ သစ်သားကျောင်းများမှ ကနုတ်ပန်းများတွင် အပွင့်ကနုတ်ပန်းလည်းပါသကဲ့သို့ အသီးကနုတ်ပန်းလည်းပါသည်။ အဆိုပါကနုတ်ပန်းလက်ရာများကို အင်းဝဗားကရာကျောင်း၊ ရွှေအင်ပင်ကျောင်း၊ မန္တလေးရွှေနန်းတော်ကျောင်းတို့၌ တွေ့နိုင်သည်။

မြန်မာ့ကနုတ်ပန်းသည် မြန်မာ့ယဉ်ကျေးမှုအနုပညာအစစ်ဖြစ်သည်။ ပန်းနွယ်၊ ပန်းခက်များဖြင့် တန်ဆာဆင်ထားသောအနုပညာလက်ရာတစ်ခုလည်းဖြစ်သည်။ အဝေးကကြည့်လိုက်လျှင် မူလသစ်သားများပျောက်ပြီး ပန်းမျိုးစုံ၊ ပန်းရုံများပေါက်ရောက်နေသောပန်းဥယျာဉ်တစ်ခုသဖွယ်ထင်မှတ်ရသည်။ ထိုကဲ့သို့ လက်ရာမြောက်လှသဖြင့် မြန်မာ့ဗိသုကာပညာရပ်တွင် "အပြောက်အမွမ်း"ပညာဟူ၍ခေါ်ကြသည်။ ထိုပညာရပ်များ မြန်မာနိုင်ငံတွင် ကျန်ရှိနေသေးသော်လည်း နည်းပါးလာပြီဖြစ်သည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအနုပညာဖြင့် တန်ဆာဆင်ထားသော ကနုတ်ပန်းလက်ရာကို တန်ဖိုးထားထိန်းသိမ်းသင့်ကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**


- မြန်မာမှုပန်းအလင်္ကာ - မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)။
- ပုဂံဘုရားပုထိုးများ အတွဲ -၁။
- မြန်မာ့ကနုတ်စုံအရုပ်စုံ - မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)။
- ဇော်ဂျီ စာရွှခင်း - ၁ ။

# ကလေးခရိုင်တွင် ဆောင်းသီးနှံကြက်သွန်နီ ၃၅၇၄ ဧကစိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကလေး ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၅၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၄၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၃၄၂၅ ဧကစိုက်ပျိုးရန်လျာထားပါတယ်။ ဒီနေ့ထိ ၃၅၇၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေရှိပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၆၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၂၀၆ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၇၁၇ ဧက စုစုပေါင်း ၃၅၇၄ ဧက ဖြစ်ကြောင်း၊ ကလေးခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၃၁၉ ဧက၊ ကလေးဝမြို့နယ်တွင် ၃၁၃ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၇၉၃ ဧက စုစုပေါင်း ၃၄၂၅ ဧကဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေတိုးကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမို တိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် ဆိပ်ဖူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး


**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၂၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆိပ်ဖူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဆိပ်ဖူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်း ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၇၃၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**









## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအတွင်းရှိ ရွာမြေ မြေကွက်ဧရိယာ ပေ ၅၀ x ၁၁၀ ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝန်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တစ်ဦးတည်းပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသီဟကျော် (ဘ) ဦးတင်လှိုင်(၉/ပသက(နိုင်)၀၄၆၂၉၉)ထံမှ ကျွန်တော် ဦးကျင်လှိုင် (ဘ) ဦးလီစူကျင်(၉/ပဥလ(နိုင်)၀၁၄၇၆၆)မှ ဝယ်ယူရန် စရံငွေတချို့ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျင်လှိုင်(၉/ပဥလ(နိုင်)၀၁၄၇၆၆)
ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့။ ၀၉-၂၀၄၅၇၄၀

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အမှတ်(၁)ညောင်ကုန်းရပ်ကွက်နေ ပညာအရည်အချင်း၊ ကျောင်းထားမရ(ကျန်းမာရေးမကောင်း) ဖြစ်နေသော (ဘ) ဦးနိုင်လင်း၏သမီး မလှဲ့လှဲ့ဝင်း၏အမည်အား မသံစဉ်ချိုဟု အမည်ပြောင်းခေါ်ဆိုပါရန်။ **မသံစဉ်ချို**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်နေ မောင်ဖြိုးစည်သူ (ဘ) ဦးအောင်မြင့်(၉/အမဇ(နိုင်)၀၂၁၈၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-670141)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၄၀၅၁၈၈၈၈

## ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်၊ အရှေ့ရပ်၊ ဘုံးအိုးအုပ်စုနေ ဦးချစ်ထူး (ဘ) ဦးခလီဘိုင်(၉/အမရ(နိုင်)၁၉၂၈၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-998688)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၈၆၅၃၉၅၁

**အဖိုးတန်ရေချိုကို ချွေတာပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု




ရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ "ပညာ"ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ရရှိစေ...

❖ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် "စစ်မှန်သည့်အင်အား"တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် ပိန်းဇလုပ်ဘူတာကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



တော်ဝိ-ပိန်းဇလုပ်အစုန်လမ်းပိုင်းအား ပြန်လည်ပြုပြင်ပြီး ရထားများ ဖြတ်သန်းနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၅ ရက် ည ၁၀ နာရီခန့်တွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာကြား မိုင်တိုင်အမှတ် ၁၀၇/၁၀-၉ နေရာရှိ အစုန်ရထားလမ်းပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားလမ်းထိခိုက်ပျက်စီးခဲ့ပြီး ကျောက်တံခါးနှင့် ပိန်းဇလုပ်ရထားလမ်းပိုင်းကို နံနက် ၉ နာရီတွင် ယာယီပိတ်ထားကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်းရှိ အရှေ့ဘက်သံလမ်း နှစ်ပေခန့်နှင့် ၁၀ ပေအကွာတွင် အနောက်ဘက်သံလမ်း နှစ်ပေခန့် နှစ်နေရာပြတ်တောက်၍ ကွန်ကရစ်ဇလီဖား ၁၀ တုံး ပျက်စီးခဲ့ကြောင်း သိရှိရသည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီး အစုန်လမ်း၏ ပြတ်တောက်သွားသောသံလမ်း နှစ်ချောင်းကို လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသားတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

စာမျက်နှာ- ၂၂

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar